# ကြေးမုံ
# The Mirror Daily

၁၉၅၇ ဖေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday, 22 February 2024 ၁၁၃၇၉


### လောကကို ရှုကျင့်သူ

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM အား လက်ခံတွေ့ဆုံစဉ်။

**ယနေ့ ဖတ်စရာ**

**ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လူကြီးလူငယ်မရွေး တိုင်းရင်းသားပြည်သူအားလုံး သိနားလည်ရန်၊ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်**

ဆောင်းပါး စာမျက်နှာ » ၆

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း**

စာမျက်နှာ » ၇




ကြေးမုံ

# အမျိုးသားရေးတာဝန်ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်

တရားမဝင်ကုန်သွယ်မှု သို့မဟုတ် ဝိသမစီးပွားရှာမှုသည် နိုင်ငံအကျိုးစီးပွားကို ကြီးစွာထိခိုက်နိုင်သည်။ တစ်ချိန်သောကာလက တံခါးပိတ်စီးပွားရေးစနစ် ကျင့်သုံးခဲ့သဖြင့် မှောင်ခိုစီးပွားရေးစနစ်အားကောင်းပြီး တိုင်းပြည်ပြိုလဲပျက်စီးသည့်အဖြစ်သို့ပင် ရောက်ရှိခဲ့သည်ကို မြန်မာနိုင်ငံတွင် ကြုံတွေ့ဖူးသည်။ မျက်မှောက်ကာလတွင် တံခါးဖွင့်စီးပွားရေး (ဝါ) ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးလျက်ရှိသော်လည်း တရားမဝင်ကုန်သွယ်မှု ဆက်လက်အားကောင်းနေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။

"တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံ၌ ဥပဒေကို ကျော်လွန်၍ ဆောင်ရွက်နေခြင်းများရှိပြီး စီးပွားရေးသမားများအနေဖြင့် ဝိသမလောဘများဖြင့် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လုပ်ဆောင်နေကြခြင်းဖြစ်ကြောင်း၊ ကုန်သွယ်၊ စီးပွားရေးအပြင် လုံခြုံရေးအတွက်လည်း ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုများမှတစ်ဆင့် လက်နက်ကိုင်အကြမ်းဖက်သမားများထံသို့ ငွေကြေးများ စီးဆင်းမှုများဖြစ်ပေါ်စေပြီး ၎င်းတို့မှတစ်ဆင့် လုံခြုံရေးအရ ထိခိုက်မှုများကို ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုများအား ထိထိရောက်ရောက် ဖော်ထုတ်အရေးယူ ဆောင်ရွက်သွားရန်လိုကြောင်း" လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၄)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တရားမဝင်ကုန်သွယ်မှုများကြောင့် တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုနှင့် သွယ်ဝိုက်ဆိုးကျိုးသက်ရောက်မှု နှစ်မျိုး ရှိသည်။ တိုက်ရိုက်ဆိုးကျိုးသက်ရောက်မှုတွင် စီးပွားရေးကဏ္ဍများစွာ၏ ကုန်ထုတ်စွမ်းအားနှင့် အမြတ်အစွန်းများကို ပျက်ပြားစေခြင်း၊ နှစ်စဉ်နှစ်တိုင်း တရားဝင်ကုန်သွယ်စီးပွားရေးမှ ဝင်ငွေများဆုတ်ယုတ်စေခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုမှ တရားမျှတမှုမရှိသည့် ယှဉ်ပြိုင်မှုကြောင့် တရားဝင်စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ရောင်းချမှု၊ တင်သွင်းမှုစသည်တို့ကို လျော့ကျလာစေပြီး တရားဝင်လုပ်ငန်းများ၏ အလုပ်အကိုင်များဖန်တီးမှုနှင့် အခွန်ပေးဆောင်မှုတို့ကို ပျက်ပြားစေခြင်း၊ အစိုးရ၏ အခွန်ဝင်ငွေရရှိမှုများကျဆင်းခြင်းကြောင့် အများပြည်သူအတွက် ရင်းနှီးမြှုပ်နှံမှုများကို လျော့ကျစေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပြင်းထန်စွာဆိုးကျိုးသက်ရောက်စေခြင်း၊ တရားမဝင်ကုန်သွယ်မှုနှင့်ဆက်နွှယ်ပြီး ရာဇဝတ်မှုကျူးလွန်သည့်ဂိုဏ်းများ တိုးပွားလာခြင်းတို့ကို ဖြစ်ပေါ်စေသည်။

သွယ်ဝိုက်ဆိုးကျိုးသက်ရောက်မှုများတွင် တရားမဝင်သည့် ငါးဖမ်းဆီးမှုများကြောင့် ငါးသယံဇာတများ ပြုန်းတီးခြင်းနှင့် အဆိုပါအရင်းအမြစ်များအပေါ် မှီခိုအားထား အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် စီးပွားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ ခြိမ်းခြောက်ခံရခြင်း၊ တရားမဝင်ငါးဖမ်းလှေများတွင် လူဆိုးဂိုဏ်းများ၏ အတင်းအကျပ်စေခိုင်းခံရခြင်း၊ တရားမဝင်သစ်ခုတ်ခြင်းနှင့် သစ်မှောင်ခိုမှုများကြောင့် သစ်တောများနှင့် တိရစ္ဆာန်တို့၏ ဂေဟစနစ်များပျက်စီးပြီး ခရီးသွားလုပ်ငန်းကဏ္ဍမှ အလုပ်အကိုင်များ ခြိမ်းခြောက်ခံရခြင်း၊ သစ်တောများကို မှီတင်းနေထိုင်ကြသည့် အသိုက်အဝန်းများ ခြိမ်းခြောက်ခံရခြင်း၊ ပိုးသတ်ဆေးအတုအသုံးပြုမှုကြောင့် စီးပွားရေးဆုံးရှုံးခြင်းနှင့် သဘာဝပတ်ဝန်းကျင်အရည်အသွေး လျင်မြန်စွာကျဆင်းလာခြင်း စသည်တို့ကိုဖြစ်ပေါ်စေသည်။

တရားမဝင်ကုန်သွယ်မှု ကြီးထွားလာခြင်းကြောင့် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးမှုခန့်မှန်းခြေမှာ GDP ၏ ရှစ်ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းအကြား ရှိသည်။ တရားမဝင်ကုန်သွယ်မှုများမှ ရရှိလာသော အကျိုးအမြတ် ဒေါ်လာဘီလီယံပေါင်းများစွာကို အခြားသောတရားမဝင်လုပ်ငန်းများတွင် ပြန်လည်ရင်းနှီးမြှုပ်နှံခြင်းဖြင့် လူ့အသိုက်အဝန်း၏ စီးပွားရေးလုပ်ငန်းများအကြား မတည်ငြိမ်မှုများ ပိုမိုဖြစ်ပေါ်ပြီး အဆိုးရွားဆုံးအဖြစ် နိုင်ငံတော်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးကို ခြိမ်းခြောက်လာသည့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက်သမားများကို ထောက်ပံ့သည့်ငွေကြေးများ ဖြစ်ပေါ်လာသည်ကိုတွေ့ရသည်။ ထို့ကြောင့် တရားမဝင်ကုန်သွယ်မှုသည် စီးပွားရေးအတွက်သာမက နိုင်ငံလုံခြုံရေးကိုပါ ထိခိုက်စေသည့် ကြီးမားသောပြဿနာဖြစ်သည်။

မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တရားဝင်လုပ်ကိုင်နေကြသည့် စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေး စသည့်နယ်ပယ်အသီးသီးတို့ကို ထိခိုက်စေနိုင်သည့် အန္တရာယ်ကြီးမားလျက်ရှိသော တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများ လျော့နည်းကျဆင်းလာစေရေးအတွက် "အမျိုးသားရေးတာဝန်" တစ်ရပ်အနေဖြင့် နိုင်ငံ့ဝန်ထမ်းများ၊ တာဝန်ရှိသူများအပြင် ဆက်စပ်သည့် ကုန်သည်လုပ်ငန်းရှင်များနှင့် ပြည်သူလူထု တစ်ရပ်လုံးကပါ နိုင်ငံတော်အစိုးရက တိုက်ဖျက်နေသောလုပ်ငန်းများတွင် စဉ်ဆက်မပြတ်ပါဝင်လက်တွဲ ဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ နိုင်ငံရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေး ကို ယင်းဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ပုဇွန်တောင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို မြို့နယ်သမဝါယမအသင်းစုအစည်းအဝေးခန်းမ၌ ယမန်နေ့ နံနက် ၁၁ နာရီက ကျင်းပခဲ့သည်။

**အမှာစကားပြောကြား**

အစည်းအဝေးတွင် မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးရွှေမိုးဃံက သဘာပတိအဖြစ် ဆောင်ရွက်ကာ အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က လမ်းညွှန်အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစုလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အသင်းအမှုဆောင်ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးရှင်းတမ်းများကို မြို့နယ်သမဝါယမအသင်းစုအမှုဆောင်အဖွဲ့က ဖတ်ကြားတင်ပြ အတည်ပြုချက်ရယူခဲ့ပြီး အသင်းဝင်များအား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစုအပေါ်အမြတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်(ပြန်/ဆက်)**

## ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

ကျိုက်ထို ဖေဖော်ဝါရီ ၂၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျိုက်ထိုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ICTS(Myanmar) Limited မှ တင်ဒါအောင်မြင်ဆောင်ရွက်သည့် ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာနှင့် ဘိုရားကြီးကျေးရွာတို့၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်သည်။

အဆိုပါ လုပ်ငန်းများပြီးစီးပါက ထိုကျေးရွာနှစ်ရွာရှိ စိုက်ပျိုးမြေဧက ၈၀ နှင့် နွေစပါးစိုက်တောင်သူ ၁၅ ဦးအတွက် အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

၂၂၂

## သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၁ - ၂ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၅၀၀ | ၈,၅၀၀ | ၃၁၅ | ၂,၆၇၈,၅၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၉,၀၄၄ | ၂၆,၂၁၂,၆၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၀ | ၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၄၅၉ | ၇၀၁,၄၅၀ |
| TMH | ၂,၄၅၀ | ၂,၄၅၀ | ၀ | ၀ |
| EFR | ၁,၇၅၀ | ၁,၈၀၀ | ၂၅၅ | ၄၄၉,၀၀၀ |
| AMATA | ၄,၆၀၀ | ၄,၇၀၀ | ၈၅ | ၃၉၅,၀၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၀၀ | ၄,၃၄၃ | ၇,၃၈၆,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးခိုင်ဝင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

❂ ရှေ့ဖုံးမှ

တွေ့ဆုံစဉ် နှစ်နိုင်ငံနှင့် နှစ်နိုင်ငံတပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်အတူ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သန်းထိုက်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယတပ်မတော် အမှတ်(၃)တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM နှင့်အတူ အိန္ဒိယစစ်သံမှူး ဗိုလ်မှူးကြီး Jaswinder Singh Gill နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော အဖွဲ့နှင့် အိန္ဒိယတပ်မတော် အမှတ်(၃) တပ်မကြီးမှူး ဒုတိယဗိုလ်ချုပ်ကြီး Harjeet Singh Sahi, UYSM, AVSM, YSM, SM ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko အား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Andrey Rudenko အား ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် အထူးသဖြင့် စီးပွားရေး၊ ခရီးသွားလုပ်ငန်းကဏ္ဍများအပါအဝင် အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေး၊ မြန်မာကျောင်းသားများအတွက် ပညာသင်ဆု ပိုမိုပေးအပ်ရေးအစီအစဉ်များ တိုးမြှင့်ဖော်ဆောင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် နှစ်နိုင်ငံ အစိုးရများအကြား ဆက်ဆံရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံခြင်းတို့၏ အရေးပါမှုကိုလည်း အလေးထားဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးချုပ်က နိုင်ငံတည်ငြိမ်၊ ငြိမ်းချမ်းရေးအတွက် မြန်မာအစိုးရ၏ ကြိုးပမ်းမှုများကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။



**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတက်ရောက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်တို့က (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဟားခါး ဖေဖော်ဝါရီ ၂၁

၂၀၂၄ ခုနှစ် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် ဟားခါးတပ်နယ် အားကစားကွင်း၌ ကျင်းပပြုလုပ်ရာ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီးများ၊ ချင်းပြည်နယ်ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်တို့က (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့မှန်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနား စတင်ဖွင့်လှစ်ကြောင်း ကြေညာပြီး နိုင်ငံတော်အလံကို အလေးပြုကြသည်။

### သဝဏ်လွှာဖတ်ကြား

ယင်းနောက် သဘာပတိ ဦးထန်မွမ်းခိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားပြီး ချင်းပြည်နယ် အစိုးရအဖွဲ့၏ ဂုဏ်ထူးဆောင်ဆု ရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်၊ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်နှင့် ဒုတိယဝန်ကြီး ဦးထိန်လင်းတို့က ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်တို့က ထောက်ပံ့ပစ္စည်းများကို တာဝန်ရှိသူများထံ ပေးအပ်ကြပြီး ချင်းအမျိုးသားနေ့အခမ်းအနား အစီအစဉ် ပထမပိုင်း ပြီးဆုံးသည်။

စာမျက်နှာ ၅ သို့ ✪





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့အခမ်းအနားသို့ တက်ရောက်လာကြသူများ ချင်းရိုးရာအကအဖွဲ့က ရိုးရာအကဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက်ကုသမှုခံယူနေသော ဒေသခံပြည်သူတစ်ဦးအား အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး အားပေးစကားပြောကြားစဉ်။



(၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် မီးပုံပွဲတော် ကျင်းပစဉ်။

## ချင်းတို့ဂုဏ်ရည် ချင်းတို့ပြည်

✤ အမိမြန်ပြည် အနောက်ခြမ်း
ချင်းတောင်တန်း မားမတ်တည်။
✤ ထင်းရှူး ချယ်ရီနဲ့
တောင်ဇလပ်နီနီ ခြံကာလွှမ်း
ပွင့်ပန်း စုံညီ။
✤ တောင်ခါးပန်းမှာဖြင့်
တောင်ပတ်လမ်းလေး ရစ်ခွေသီ
နိမ့်မြင့်မညီ ကွေ့ကောက်အလှ။
✤ နေခြည်အနွေးမှာ
ကားကလေး ရွေ့ရွေ့မောင်းတော့
ဖုန်ထောင်းထောင်းထ။
✤ ကုလားတန် ရေကြည်မြ
မဏိပူရ စီးရစ်ခွေ။
✤ တောတန်းတောင်စွယ် လျှိုမြောင်စမ်း
သာဆန်း ထွေထွေ။
✤ တစ်တောင်တက် တစ်တောင်ဆင်း
လှေကားထစ်စိုက်ခင်း ရှုမောမပြေ
တောင်ခိုးဝေ မြူတွေကြား။
✤ အမြင်နီးပေမယ့်
ခရီးနှင် နေကုန်လုမ်းပါရ
ကြမ်းတဲ့ဘဝများ။
✤ စည်းချက်ညီ ဝါးညှပ်အက
သွက်လက်မြူးကြွ တေးသံဝေ။
✤ ကောက်သစ်စားချိန် ခွာဒိုပွဲ
နွဲပျော်စို့ဆွေ။
✤ ရိုးရာခေါင်ရည် ချိုတစ်ကျိုက်
သောက်လိုက်မှ အမောပြေ
ခံတွင်းမြိန်ပေ နွားနောက်ထောင်း။
✤ ထုံးဓလေ့ ရိုးရာကို
နှလုံးမွေ့ တိုးကာထိန်း
ငြိမ်းချမ်းဘိတောင်း။
✤ တောင်ယာ တောလိုက်
တောစရိုက် ပျော်သူတွေ။
✤ အေးချမ်းဖြူစင် လောဘကင်း
ရိုးရှင်းအနေ။
✤ ပြည်ထောင်စု တည်တံ့ရေး
လက်မနေး တာဝန်ကျေ
ဘိုးဘေးအမွေ သမိုင်းလှ။
✤ အရေးကြီးလေတိုင်း
သွေးစည်းညီ အတူလက်ကမ်း
စွမ်းသတ္တိပြ။
✤ ချစ်ခြင်းမေတ္တာနဲ့
သစ္စာတရား မပျက်ယွင်း
အောက်ချင်းဇုက် ပမာညီ။
✤ တည်ကြည် ဖြောင့်မှန် ကြံ့ခိုင်ခြင်း
ချင်းတို့ ဂုဏ်ရည်။
✤ ပြည်ထောင်စုကို ချစ်မြတ်နိုး
တန်ဖိုးထား သစ္စာတည်
ယုံကြည်မှုဖြင့် ရှေ့ဆက်သွား။
✤ ချင်းနောင်ညီ သဟာဆွေတို့
ဘယာသွေ အောင်စေကြောင်းရယ်
တောင်းဆုဆပွား။ ။

**ဇော်မင်းမင်းဦး**

✪ စာမျက်နှာ ၄ မှ

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် ချင်းပြည်နယ်အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်သူများ၊ ပညာရေးဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။ ဦးစွာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ဝုန်ဆွန်းထန်က ချင်းပြည်နယ်၏ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် Jeng Phang နော်တောင်တို့က ဖြည့်စွက်ဆွေးနွေးကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက နိဂုံးချုပ်အမှာစကားပြောကြားပြီး တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် အဖွဲ့သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ဆေးရုံတက်ရောက် ကုသမှုခံယူနေကြသော ဒေသခံပြည်သူများကို သွားရောက်ကြည့်ရှု အားပေးစကားပြောကြားကာ အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ပစ္စည်းများကို လည်းကောင်း၊ ဆေးရုံအုပ်ကြီးနှင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများကို လည်းကောင်း ထောက်ပံ့ပေးအပ်သည်။

ထို့နောက် (၇၆)နှစ်မြောက် ချင်းအမျိုးသားနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုပြီး ချင်းရိုးရာအကအဖွဲ့များက ရိုးရာအကများဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ချင်းအမျိုးသားနေ့ ပွဲတော် အထိမ်းအမှတ်မီးပုံပွဲတော်အား ချင်းတိုင်းရင်းသား အကအဖွဲ့များနှင့်အတူ ပါဝင်ဆင်နွှဲကာ ချင်းအမျိုးသားနေ့ပွဲတော်ကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မြန်မာ့ဓလေ့ ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် အတူတကွပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များရှိစေရန် ရည်ရွယ်ချက်များဖြင့် လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ယာဉ်ရပ်နားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




အခမ်းအနားသို့ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်း၊ ဒုတိယဝန်ကြီး ဦးအေးကျော်၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြပြီး ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ပြိုင်ပွဲဝင် အသင်းငါးသင်းတို့၏ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း တပျော်တပါး ထမနဲထိုး ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဝန်ထမ်းမိသားစု စုပေါင်းထမနဲထိုးပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုရရှိသည့် အသင်းများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သထုံမြို့နယ်ရှိ နွေစပါးစိုက်ခင်း၊ သစ်ရွက်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် နေကြာမျိုးစေ့ထုတ်စိုက်ခင်းတို့အား ကွင်းဆင်း ကြည့်ရှုစစ်ဆေး

သထုံ ဖေဖော်ဝါရီ ၂၁

မွန်ပြည်နယ် သထုံမြို့နယ်အတွင်းရှိ နွေစပါးစိုက်ခင်း၊ သစ်ရွက်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)နှင့် ဆီထွက်သီးနှံနေကြာ မျိုးစေ့ထုတ်စိုက်ခင်းတို့ စိုက်ပျိုးထားရှိမှုအခြေအနေနှင့် အထွက်နှုန်းကောင်းမွန်အောင် လိုအပ်သည်တို့ကို အကူအညီပေးနိုင်ရေးအတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများပူးပေါင်းကာ ယမန်နေ့နံနက်ပိုင်းက အဆိုပါစိုက်ခင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲနိုင်၊ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမင်းစိုး၊ သထုံမြို့နယ်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်တို့က ဂေါ့ကျေးရွာအုပ်စု ကြာအင်းကွင်းရှိ တောင်သူ ဒေါ်ငယ်ငယ်ထွေး၏ နွေစပါးစိုက်ခင်းသို့ ရောက်ရှိပြီး စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများနှင့် တွေ့ဆုံ၍ လိုအပ်သော နည်းပညာ၊ သွင်းအားစုများ၊ စိုက်ပျိုးရေရရှိရေး စသည်တို့ကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ယင်းနောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြေနီကုန်းကျေးရွာအုပ်စု၌ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စိုက်ပျိုးထားသော သစ်ရွက်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) တောင်သူပညာပေး မျိုးစေ့ထုတ်ဧက ၂၀ စိုက်ခင်းနှင့် ဆီထွက်သီးနှံနေကြာ မျိုးစေ့ထုတ်စိုက်ခင်းတို့ကို ကွင်းဆင်းကြည့်ရှုကာ စက်ဖြင့် စနစ်တကျ မျိုးစေ့ခြွေနေမှုနှင့် ဆိုလာစနစ်ဖြင့် စိုက်ခင်းများ ရေသွင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကမ္ဘာတည်သရွေ့ အမိမြေ ခိုင်ခိုင်မြဲရေး ကြိုးစားကြရမယ်

ရဲယံ

**ရာသီအလိုက် ပန်းများဖူးပွင့်ရာ၊ စိမ်းလန်းသောတောင်တန်းများ တည်ရှိရာ၊ မြစ်ချောင်း အင်းအိုင်များ များစွာတည်ရှိရာ၊ သဘာဝသယံဇာတများ ကြွယ်ဝရာ အမိနိုင်ငံတော်ကြီးသည် အနှိုင်းမဲ့ပင်။ အမိမြန်မာနိုင်ငံသည် နိုင်ငံသားများ အေးချမ်းစွာ ရှင်သန်နေထိုင်နိုင်ရန် ပြည့်စုံစွာတည်ရှိနေသည်။ ကမ္ဘာတွင် မြန်မာတည်ရှိနေမှုကို လေ့လာသည့်အခါ ပထဝီအနေအထားအရ ကမ္ဘာကြီး၏ အရှေ့ခြမ်းနှင့် အနောက်ခြမ်းကို ပေါင်းကူးပေးထားသည့် အရှေ့တောင်အာရှတွင် မဟာဗျူဟာကျကျ တည်ရှိနေသည်။ ထို့အတူ အာရှတိုက်တောင်ပိုင်း အိန္ဒိယနှင့် အင်ဒိုချိုင်းနားကျွန်းဆွယ်အကြား၌လည်း တည်ရှိနေသည်။**

ကမ္ဘာ့မြေပေါ်တွင် ပထဝီအနေအထားအရ နိုင်ငံတည်ရှိနေမှုကို ပြုပြင်ပြောင်းလဲ၍မရပေ။ မဟာဗျူဟာကျကျ တည်ရှိနေသည့် မြန်မာတွင် မဟာဗျူဟာကောင်းများ အစဉ်တည်ရှိနေရမည်ဖြစ်သည်။ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍတိုင်းသည် ခိုင်မာတောင့်တင်းနေရမည်ဖြစ်သည်။ သို့မှသာ ကမ္ဘာတည်သရွေ့ ဒါ.. တို့ပြည်၊ ဒါ.. တို့မြေ၊ တို့ တိုင်းရင်းသားများ ပိုင်သည့်မြေဟု ကြွေးကြော်နိုင်မည်ဖြစ်သည်။

**စည်းလုံးမှုအင်အားကို အမြဲအမှတ်ရနေရမည်**

ထို့အတွက် လက်ရှိ ရှင်သန်နေထိုင်ကြသည့် သွေးချင်းသားချင်း နိုင်ငံသားတိုင်းက အားလုံးစုစည်းပိုင်ဆိုင်ရာ အမိနိုင်ငံတော်ကို အနာဂတ်မျိုးဆက်များအထိ လက်ဆင့်ကမ်းနိုင်ရန် ကာကွယ်စောင့်ရှောက်သွားရမည် ဖြစ်သည်။ အမိမြေလုံခြုံရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်သာ။ "အဖိုးအိုနှင့် သားသုံးယောက်" ပုံပြင်က ပေးသည့် စည်းလုံးမှုအင်အားကို အမြဲအမှတ်ရနေရမည်ဖြစ်သည်။

သို့မဟုတ်ဘဲ ပြည်တွင်းစည်းလုံးမှုကို ပြိုပျက်စေမည့် ကိစ္စရပ်များဆီသို့ ဦးတည်နေပါက နိုင်ငံ့ရေးရာကိစ္စအဝဝသည် ခက်ခဲသောလမ်းကြောင်းပေါ်တွင် တည်ရှိနေလိမ့်မည်။ နိုင်ငံ့အရေးအရာများ ခိုင်မာတောင့်တင်းမှုမရှိပါက ပြည်ပအန္တရာယ်များ ဝင်ရောက်လာနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများထဲမှ ပြိုကွဲအောင် ဖြိုခွဲခံလိုက်ရသည့် နိုင်ငံကြီး၊ နိုင်ငံငယ်များ၏ သာဓကဖြစ်ရပ်များကို အမြဲဆင်ခြင်သုံးသပ်ရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံလုံခြုံရေးနှင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရေး တာဝန်များကို အနာဂတ်မျိုးဆက်များအထိ ရေရှည်အစဉ်အဆက် ဆောင်ရွက်သွားနိုင်ရန် ရည်မှန်းကာ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ အရန်တပ်ဖွဲ့ဥပဒေ အာဏာတည်သည့် အမိန့်ကြော်ငြာစာများကို ထုတ်ပြန်ပြီးဖြစ်သည်။

သို့သော် တိုင်းပြည်နှင့် လူမျိုး ပြိုစေ၊ ပျက်စေ၊ ခက်ခဲစေ ရည်ရွယ်လုပ်ဆောင်နေသည့် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများက ယင်းဥပဒေများကို ကြိုဆိုမှုမရှိ။ ပြည်သူများထံ ကောလာဟလ သတင်းများကိုသာ ဆက်တိုက် ဖြန့်ဝေလျက်ရှိသည်။

> **"နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျိုးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ရှင်းလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းစွာပြောကြား**

**ကောလာဟလ သတင်းများကတော့ စေ့စုံလှ**

ဥပဒေအာဏာတည်သည့် အမိန့်ကြော်ငြာစာများ ထုတ်ပြန်ထားသည်မှာ ရက်ပိုင်းသာရှိသေးသော်လည်း ကောလာဟလ သတင်းများကတော့ စေ့စုံလှသည်။ ဥပဒေနှင့်စပ်လျဉ်းသည့် အကြောင်းအရာများကို ပြည်သူအများစု ရှင်းလင်းသေချာစွာ မသိသေးသည့် အချိန်ကာလကို ပြည်ဖျက်မီဒီယာများက ကောင်းစွာအသုံးချသည်။ ယနေ့ ဥပဒေထုတ်၊ မနက်ဖြန် စစ်မှုထမ်းရတော့မည့်သယောင် ချဲ့ကားရေးသားကြသည်။ ပြည်သူ့စစ်မှုထမ်းဥပဒေ စတင်အာဏာတည်ကြောင်း သတ်မှတ်ခြင်းနှင့် ဆက်နွယ်ကာ အများပြည်သူ ပြည်ပထွက်ခွာခွင့်များ ကန့်သတ်သယောင် ဖြန့်ဝေကြသည်။

အမှန်မှာမူ ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများက ပုံမှန်အတိုင်း ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုအကြောင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ပြည်သူများ၏ ပြည်ပထွက်ခွာခွင့်များအား လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ညွှန်ကြားချက်များ၊ ကန့်သတ်ချက်များ ထုတ်ပြန်စိစစ် တားဆီးခြင်းမရှိဘဲ အပြည်ပြည်ဆိုင်ရာ လေဆိပ်များဖြစ်သည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်လေဆိပ်များအပါအဝင် အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသော နယ်စပ်ဝင်/ ထွက်ဂိတ်များမှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ဝင်ထွက်ခွင့်ပြုခြင်းများကို ယခင်အတိုင်း ဥပဒေနှင့်အညီ စနစ်တကျ ဝင်/ထွက်ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြည်ပထွက်ခွာခွင့်များနှင့်ပတ်သက်၍ မည်သည့်ညွှန်ကြားချက်မျှ သီးခြားထုတ်ပြန် ဆောင်ရွက်ထားခြင်းမရှိကြောင်း အသိပေးကြေညာပြီးဖြစ်သည်။

**တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်**

ဥပဒေတစ်ရပ်ကို တိကျသည့် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များ စသည်ဖြင့် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းရသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေ၏အခွင့်အရေးကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ဥပဒေအရ အကာအကွယ်ပေးမှုကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ထို့အတူ ဥပဒေပါ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များကိုလည်း နိုင်ငံသားတိုင်း လိုက်နာရမည်ဖြစ်သည်။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေသည်လည်း ယင်းကဲ့သို့ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လူကြီး လူငယ်မရွေး တိုင်းရင်းသားပြည်သူအားလုံး သိနားလည်ရန်၊ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

> **ဥပဒေတစ်ရပ်ကို တိကျသည့် ရည်ရွယ်ချက်၊ အဓိပ္ပာယ်ဖွင့်ဆိုချက်၊ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များ စသည်ဖြင့် တိတိကျကျ ရေးဆွဲပြဋ္ဌာန်းရသည်။ ပြဋ္ဌာန်းထားသည့် ဥပဒေ၏ အခွင့်အရေးကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ဥပဒေအရ အကာအကွယ်ပေးမှုကို နိုင်ငံသားတိုင်း ခံစားခွင့်ရှိသည်။ ထို့အတူ ဥပဒေပါ သတ်မှတ်ချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ကန့်သတ်ချက်များကိုလည်း နိုင်ငံသားတိုင်း လိုက်နာရမည်ဖြစ်သည်။ ယခု ပြည်သူ့စစ်မှုထမ်းဥပဒေသည်လည်း ယင်းကဲ့သို့ ရေးဆွဲပြဋ္ဌာန်းထားသည့် ဥပဒေတစ်ရပ်ဖြစ်သည်။ ပြည်သူ့စစ်မှုထမ်းဥပဒေသည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို လူကြီး လူငယ်မရွေး တိုင်းရင်းသားပြည်သူအားလုံး သိနားလည်ရန်၊ တို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်**

၂၀၁၉ ကြားဖြတ်သန်းခေါင်စာရင်းအရ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် အကျုံးဝင်သည့်သူ အနည်းဆုံး ၁၃ သန်းရှိကြောင်း ထုတ်ပြန်ထားသည်။ သို့သော် တစ်နှစ်လျှင် စစ်မှုထမ်းရန်ခေါ်နိုင်သည့် လူဦးရေ၊ တာဝန်ကို ထမ်းဆောင်မည့်သူများကို အဆင့်အလိုက်၊ အရည်အချင်းအလိုက် ပေးအပ်ရမည့် လစာ၊ ရိက္ခာ၊ ခံစားခွင့်များ၊ သင်ကြားပေးရမည့် နိုင်ငံတော်ကာကွယ်ရေးပညာရပ်များ စသည်ဖြင့် လိုအပ်သော ပြင်ဆင်ဖွဲ့စည်းမှုများကို ဆောင်ရွက်ရဦးမည်ဖြစ်သည်။ ပြီးမှသာ စနစ်တကျ တာဝန်ထမ်းဆောင်စေမည်ဖြစ်သည်။ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မည့်သူများသည် သင်တန်းပြီးစီးပါက မိမိရပ်ရွာဒေသရှိ လုံခြုံရေးဆိုင်ရာတပ်ဖွဲ့များတွင်သာ အဓိကတာဝန်ထမ်းဆောင်စေရန်ရည်ရွယ်ထားကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားထားပြီး ဖြစ်သည်။

"အဓိက စစ်တိုက်ဖို့ဆိုတာထက် လုံခြုံရေး၊ ကာကွယ်ရေးကို ဘယ်လိုအမြင်တွေနဲ့ တာဝန်ထမ်းဆောင်ရမယ်။ လုံခြုံရေး၊ ကာကွယ်ရေး အသိပညာတွေကို ပြည်သူထဲမှာ ပျံ့နှံ့သွားအောင်၊ နောင်ရေရှည်မှာ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေသည် ကာကွယ်ရေး၊ လုံခြုံရေးနဲ့ပတ်သက်တဲ့ အသိပညာကြွယ်ဝသော၊ မိမိနိုင်ငံကို မိမိအင်အားတောင့်တင်းစွာနဲ့ ခိုင်မာစွာနဲ့ ကာကွယ်နိုင်သော၊ မိမိရဲ့လုံခြုံရေး၊ မိမိရဲ့ကာကွယ်ရေးကို အားလုံးက ဝိုင်းဝန်းဆောင်ရွက်နိုင်သော အခြေအနေမျိုးရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်တယ်"ဟု သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းထားသည်။

ထို့ပြင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ၂၀-၂-၂၀၂၄ ရက်နေ့က ထပ်မံအသိပေး ပြောကြားရာတွင် "နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အခြားနိုင်ငံတွေမှာလည်း အလှည့်ကျ အကျိုးဝင်တဲ့အလျောက် တာဝန်ထမ်းဆောင်ရတာ ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ပြီးရင် ဦးစားပေးအလိုက် ဝန်ထမ်းခန့်အပ်တာတွေ၊ ဦးစားပေးအလိုက် အလုပ်ခန့်ထားတာတွေ ဒါတွေသည်လည်း ရှိလာမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေ့မှာ ရှင်းလင်းပြောကြားလိုတာကတော့ ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူ့စစ်မှုထမ်းများကို ခေါ်ဆိုတဲ့နေရာမှာ အမျိုးသမီးတွေကို လတ်တလောခေါ်ယူဖို့ အစီအစဉ်မရှိသေးကြောင်း ရှင်းလင်းစွာပြောကြားလိုပါတယ်"ဟု ပြောကြားခဲ့ပါသည်။

ပြည်သူများအနေဖြင့် ဥပဒေနှင့်စပ်လျဉ်း၍ သိရှိလိုသည့်အချက်များကို ဆက်သွယ်မေးမြန်းနိုင်သည့် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့၏ ဖုန်းနံပါတ်များကိုလည်း ထုတ်ပြန်ထားပြီးဖြစ်သည်။ ထို့ကြောင့် ပြည်သူများက သိရှိလိုသည်များကို သက်ဆိုင်ရာဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းခြင်း၊ တရားဝင်ထုတ်ပြန်ချက်များနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များကို စောင့်ကြည့်လေ့လာခြင်းတို့ဖြင့် မဟုတ်မမှန် ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလ သတင်းမှား၊ သတင်းတုများကို ပါဝင်တွန်းလှန်ကြစေလိုပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

နေပြည်တော် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် စေတနာရှင် အလှူရှင်များက စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်လျက်ရှိရာ ယနေ့တွင် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့တို့က စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

## ကရင်ပြည်နယ်အစိုးရအဖွဲ့

ကရင်ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော စားသောက်ကုန်ပစ္စည်းများကို အခါအားလျော်စွာ ပို့ဆောင်ထောက်ပံ့ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၂၁ ရက် နံနက် ၁၀ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ(၂)၌ ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့သည်။

### စဉ်ဆက်မပြတ်ပေးပို့လှူဒါန်းနိုင်ရေး

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးက တပ်မတော်သားများသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်၍ နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးကို သက်စွန့်တာဝန်ထမ်းဆောင်နေကြသူများဖြစ်ပြီး စဉ်ဆက်မပြတ်ပေးပို့လှူဒါန်းနိုင်ရေး ထပ်မံထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှေ့တန်းစစ်မျက်နှာများတွင် တာဝန်ထမ်းဆောင်နေကြသူများအားလုံး အန္တရာယ်ကင်းဘေးရှင်း၍ တိုက်ပွဲတစ်ရာအောင်ပွဲတစ်ရာ ရရှိနိုင်ကြပါစေကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ရှေ့တန်းရောက်တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သော ငါးပိဘာလချောင်ကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော် ဘူးပေါင်း ၃၃၀၀ ကျော်ကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးထံ ထောက်ပံ့ပေးအပ်ရာ ဒုတိယတိုင်းမှူးက လက်ခံရယူပြီး တိုင်းပြည်တာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများကိုယ်စား ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

အလားတူ ဖေဖော်ဝါရီ ၁၇ ရက်နှင့် ၁၉ ရက်တို့တွင် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများအတွက် အသင့်စားသုံးနိုင်သောအစားအစာများ ပေးပို့လှူဒါန်းနိုင်ရေးအတွက် ကရင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၏ ဇနီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ ပြည်ထောင်စုရိပ်သာ၌ ငါးပိ၊ ငါးခြောက်၊ ငရုတ်၊ ကြက်သွန်၊ အသားတုအစရှိသည့် စားသောက်ကုန်ပစ္စည်းများအား ကြော်လှော်ချက်ပြုတ် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)




ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ ရှေ့တန်းရောက်တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများအား အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးထံ ပေးအပ်စဉ်။





ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ စားသောက်ဖွယ်ရာများအား ရှေ့တန်းရောက်တပ်မတော်သားများထံသို့ပေးပို့ရန် ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုစဉ်။

## မွန်ပြည်နယ်အစိုးရအဖွဲ့





မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ရှေ့တန်းရောက် တပ်မတော်သားများအတွက်ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးထံ ပေးအပ်ပြီး စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုကို ကြည့်ရှုစဉ်။

မွန်ပြည်နယ်အစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် ကာကွယ်ရေးကို စွမ်းစွမ်းတမံဆောင်ရွက်လျက်ရှိသော ရှေ့တန်းရောက်တပ်မတော်သားများအတွက် ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်နိုင်ရေး ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ စီစဉ်ဆောင်ရွက်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ရှေ့တန်းရောက်တပ်မတော်သားများအတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိသော ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုထောက်ပံ့ပေးအပ်ခဲ့ရာ တိုင်းစစ်ဌာနချုပ်ကိုယ်စား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက လက်ခံရယူသည်။

အဆိုပါ ထောက်ပံ့ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက်တပ်မတော်သားများလက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံစက္ကူနှင့်ပျော့ဖတ်အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာနရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံစက္ကူနှင့်ပျော့ဖတ် အသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံသည်။




တွေ့ဆုံပွဲသို့ စက်မှုဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မိမိတို့နိုင်ငံ၌ ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် စပါးများကို တိုးချဲ့စိုက်ပျိုးလျက်ရှိ၍ ဘေးထွက်ပစ္စည်းဖြစ်သည့် ကောက်ရိုးများဖြင့် ပျော့ဖတ်များပြုလုပ်ပြီး အဆင့်မြင့်စက္ကူများထုတ်လုပ်နိုင်ရေး စီမံဆောင်ရွက်ရန် ထပ်မံလမ်းညွှန်ထားကြောင်း၊ ထို့ကြောင့် ရင်းနှီးမြှုပ်နှံမှုအနည်းငယ်ဖြင့် အသေးစားစက်ရုံများ တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် ဒေသတွင်းရှိ ပြည်သူများအား အလုပ်အကိုင်ရရှိအောင် ဖန်တီးပေးခြင်းဖြစ်ကြောင်း၊ ကောက်ရိုးမှတစ်ဆင့် ပျော့ဖတ်နှင့်စက္ကူများထုတ်လုပ်သည့်စက်ပစ္စည်းကိရိယာများကိုလည်း ပြည်တွင်း၌ ထုတ်လုပ်နိုင်ရေး ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ စတင်ဆောင်ရွက်စဉ် အခက်အခဲများစွာရှိသလို အခွင့်အလမ်းလည်းများစွာရှိကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် အကြီးစား စက်မှုလုပ်ငန်းများကိုသာ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး အသေးစားစက်မှုလုပ်ငန်းများကို ပုဂ္ဂလိကစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လွှဲပြောင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက္ကူနှင့်ပျော့ဖတ် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံစက္ကူနှင့်ပျော့ဖတ် အသင်းဥက္ကဋ္ဌက စက္ကူနှင့်ပျော့ဖတ် ထုတ်လုပ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု၊ ပြည်တွင်း၌ လိုအပ်သော စက္ကူများကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေမှု၊ စက္ကူနှင့်ပျော့ဖတ်များ ထုတ်လုပ်ခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိအောင် စီမံဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း၊ အသင်းဝင်များက စက္ကူနှင့် ပျော့ဖတ်များ ထုတ်လုပ်ရာတွင် တွေ့ကြုံနေရသည့် အခက်အခဲများကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းပြောကြားပြီး လိုအပ်သည့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးကာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အတတ်ပညာသာမက အသိဉာဏ်ပညာ တိုးတက်မြင့်မားမှသာ မိမိတို့ဘဝအောင်မြင်မှု ရရှိနိုင်သလို နိုင်ငံနှင့်ပြည်သူကို ပိုမိုအကျိုးပြုနိုင်မည်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပြန်ကြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယမန်နေ့မွန်းလွဲပိုင်းက စစ်ကိုင်းမြို့ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ နိုင်ငံတော်တည်ငြိမ်ရေး၊ ဝန်ထမ်းရေးရာနှင့် ဗလငါးတန်ဖွံ့ဖြိုးရေးဆိုင်ရာများမှာကြားပြီး တက္ကသိုလ်စာကြည့်တိုက်နှင့် ပြတိုက်တို့ကို ကြည့်ရှုလေ့လာသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ ဆရာ ဆရာမများနှင့် ဝန်ထမ်း ၁၄၄ ဦး၊ ကျောင်းသား ကျောင်းသူ ၁၃၇၄ ဦး စုစုပေါင်း ၁၅၁၈ ဦး တက်ရောက်ကြသည်။ ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်၌ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဝန်ထမ်းရေးရာနှင့် ကျောင်းသား ကျောင်းသူများ ဗလငါးတန်ဖွံ့ဖြိုးရေးတို့ကို ဆွေးနွေးမှာကြားရာ ဆရာ ဆရာမနှင့် ဝန်ထမ်း ၁၅၀ နှင့် ကျောင်းသား ကျောင်းသူ ၁၁၉၃ ဦးတို့တက်ရောက်ကြသည်။

ဒုတိယဝန်ကြီးက ဆွေးနွေးမှာကြားရာတွင် ပြည်သူ့စစ်မှုထမ်းဥပဒေ အာဏာတည်သည့်နေ့ရက် သတ်မှတ်ဆောင်ရွက်ခဲ့မှုအပေါ် အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အစည်းများနှင့် ပြည်ဖျက်မီဒီယာများက အဆိုးမြင်ဝါဒဖြင့် ထုတ်လွှင့်ဖော်ပြနေမှုများအပေါ် သုံးသပ်စဉ်းစားရန် လိုအပ်ကြောင်း၊ နိုင်ငံအချို့တွင် ပြည်သူ့စစ်မှုထမ်းဥပဒေများ ထုတ်ပြန်ဆောင်ရွက် နေကြကြောင်း၊ သတ်မှတ်ကာလ အပိုင်းအခြားအလိုက် လိုအပ်သလောက်သာ ခေါ်ယူပြီး ပြည်သူလူထုအား ဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လတ်တလောတွင် အမျိုးသမီးများအား စစ်မှုထမ်းခေါ်ယူရန် အစီအစဉ်မရှိသေးကြောင်း မှာကြားသည်။

ထို့နောက်လူငယ်များ ဗလငါးတန်ပြည့်ဝရန်လိုကြောင်း၊ စာတတ်ရုံ၊ အတန်းအောင်ရုံ သာမကလေ့လာဖတ်ရှုမှုဖြင့် ဗဟုသုတကြွယ်ဝပြီး အသိပညာတိုးတက်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အတတ်ပညာ သာမကအသိဉာဏ်ပညာတိုးတက် မြင့်မားမှသာ မိမိတို့ဘဝ အောင်မြင်မှုရရှိနိုင်သလို နိုင်ငံနှင့် ပြည်သူကိုလည်း ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း၊ မိမိဘဝ၊မိမိမိသားစု၊မိမိဒေသ၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဗလငါးတန်ပြည့်ဝရှင်သန်ရေးမှာ အရေးကြီးကြောင်း၊ တိုင်းရင်းသား ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံတိုင်းရင်းသား လူငယ်များကို အသိပညာ အတတ်ပညာ ပြည့်ဝစေရန်နှင့် ပညာသင်ကြားပြီးပါက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်ရန်အတွက် ဖွင့်လှစ်ထားသည့် တက္ကသိုလ်၊ ကောလိပ်များဖြစ်၍ နိုင်ငံတော်က အလေးထားကြောင်း၊ ရည်မှန်းချက်များအတိုင်း ဖြစ်စေရန် မျှော်လင့်ကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီးသည် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်နှင့် ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်တို့ရှိ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များ လှူဒါန်းပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ထောက်ပံ့သည့် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အားကစားပစ္စည်းများကို ပေးအပ်ခဲ့သည်။

ယနေ့ မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ စာကြည့်တိုက်လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး စာအုပ်များလာရောက်ဖတ်ရှုသူများအား တွေ့ဆုံအားပေးသည်။ ထို့နောက် ခရိုင်ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ဝက်လက်မြို့နယ်၊ ထီးချိုင့်မြို့နယ်၊ မြောင်မြို့နယ်၊ မြင်းမူမြို့နယ်တို့မှ ဦးစီးမှူးများနှင့် ဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံများ စစ်ကိုင်းဇုန်နယ်မှူးနှင့် စက်ရုံမှူး၊ ကောလင်း၊ ထီးချိုင့်၊ မိုးမိတ်တို့မှ စက်ရုံမှူးတို့အား တွေ့ဆုံ၍ ဝန်ထမ်းရေးရာနှင့် လုပ်ငန်းဆိုင်ရာများ၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ဂရုပြုရေးတို့ကို မှာကြားခဲ့သည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံပြတိုက်များဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံ ပြတိုက်များဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသား ပြတိုက်(ရန်ကုန်) ဘက်စုံအစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ အမျိုးသားပြတိုက်(ရန်ကုန်) နှင့် ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ့သမိုင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ အငြိမ်းစားပညာရှင်များ၊ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး ဒေါ်နုမြဲက မြန်မာနိုင်ငံရှိပြတိုက်များ စတင်ဖြစ်ပေါ်လာပုံ၊ အမျိုးသားပြတိုက်ဥပဒေဖြစ်ပေါ်လာရေး ကြိုးပမ်းကြရာတွင် အုပ်ချုပ်သူများအဆက်ဆက် ဆွေးနွေးညှိနှိုင်းခဲ့ကြပုံများနှင့် ပြတိုက်များသည် အမျိုးအစားများခွဲ၍ အများပြည်သူကို ပညာပေးပြသဖွင့်လှစ်သော နေရာတစ်ခုဖြစ်ကြောင်း၊ ပြည်ပနိုင်ငံအချို့၏ အမျိုးသားပြတိုက်ဥပဒေ ထည့်သွင်းရေးဆွဲထားသည်ကို တွေ့ရှိရသကဲ့သို့ အချို့နိုင်ငံများတွင် အမျိုးသားပြတိုက်ဥပဒေဟူ၍ သီးသန့်ရေးဆွဲထားကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံတွင်လည်း အမျိုးသားပြတိုက်ဥပဒေကို သီးသန့်ရေးဆွဲသင့်ကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံပြတိုက်များ ဥပဒေကြမ်းကို ပြင်ဆင်ဖြည့်စွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်း အမှတ်စဉ်(၁/ ၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုံးအမှတ်(၅၂) စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဒုတိယဝန်ကြီး ဦးမင်းမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ နည်းပြများ၊ သင်တန်းသားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် စားသုံးသူကာကွယ်ရေးဥပဒေနှင့်အညီ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကိုဆောင်ရွက်နေသည့် ဌာနတစ်ခုဖြစ်ပြီး စားသုံးသူများအသုံးပြုမည့် ကုန်စည်နှင့် ဝန်ဆောင်မှုများ ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ထုတ်လုပ်သည့်ကုန်စည်ဖြစ်စေ၊ ပြည်ပမှ တင်သွင်းသည့်ကုန်စည်ဖြစ်စေ ဈေးကွက်ထဲသို့ ရောက်ရှိလာပါက စစ်ဆေးရမည်ဖြစ်ကြောင်း၊ စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုရှိစေရေးအတွက် စစ်ဆေးရေးအရာရှိများ လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာသင်တန်းများနှင့် အလုပ်ရုံဆွေးနွေးပွဲများကို ၂၀၁၉ ခုနှစ်မှစတင်၍ နှစ်စဉ်ဆောင်ရွက်ခဲ့ကြောင်း၊ စစ်ဆေးရေးအရာရှိများအနေဖြင့် မိမိတို့ဌာနရှိ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ဆက်စပ်ဌာနများ၏ ဥပဒေ၊ နည်းဥပဒေများကိုသိရှိပြီး စနစ်တကျစစ်ဆေးတတ်စေရန် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ ASEAN နိုင်ငံများတွင် စားသုံးသူကာကွယ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို သိရှိအောင် လေ့လာကြိုးပမ်းသွားကြရန် ပြောကြားသည်။



အဆိုပါသင်တန်းသို့ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ သင်တန်းသား ၁၈၅ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ပအစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ပြည်ပ အစည်းအဝေးနှင့် အလုပ်ရုံဆွေးနွေးပွဲ အတွေ့အကြုံများ ဆွေးနွေးဖလှယ်ပွဲ အခမ်းအနားကို ယမန်နေ့ညနေပိုင်းက နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းတို့မှ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဆွေးနွေးပွဲတွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် "(၂၆) ကြိမ်မြောက် အရှေ့တောင် အာရှနိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ တိရစ္ဆာန်ခွာနာလျှာနာရောဂါဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ အစည်းအဝေး"၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် "(၃၂) ကြိမ်မြောက် အာရှပစိဖိတ်ဒေသအတွင်းရှိ ရေနေသတ္တဝါ မွေးမြူရေးကွန်ရက်ချိတ်ဆက်မှုဆိုင်ရာ အုပ်ချုပ်မှုကောင်စီအစည်းအဝေး"၊ ဩစတြေးလျား နိုင်ငံ၌ ကျင်းပခဲ့သည့် "အာဖရိကနှင့် အာရှနိုင်ငံများရှိ အမျိုးသားအဆင့်တိရစ္ဆာန်ရောဂါ ရှာဖွေရေးဓာတ်ခွဲခန်းများမှ ညွှန်ကြားရေးမှူးများ၏ တိရစ္ဆာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းများ ကွန်ရက်ညှိနှိုင်းအစည်းအဝေး"၊ ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် "အရှေ့တောင်အာရှ ငါးလုပ်ငန်း စာရင်းအင်းနှင့် သတင်းအချက်အလက်များဆိုင်ရာ တတိယအကြိမ်မြောက် ဒေသတွင်းနည်းပညာဆွေးနွေးပွဲ"၊ တရုတ်နိုင်ငံ၌ ကျင်းပခဲ့သည့် "အာရှနှင့် ပစိဖိတ်ဒေသရှိ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ဒေသတွင်း အလုပ်ရုံဆွေးနွေးပွဲ"နှင့် ထိုင်းနိုင်ငံ၌ ကျင်းပခဲ့သည့် "ငါးလင်ပန်းမျိုးစိတ် အရည်ကြည်သားလောင်းများ အကဲဖြတ်ခွဲခြမ်း စိတ်ဖြာခြင်းဆိုင်ရာ ဒေသတွင်းလမ်းညွှန်ချက်ဖော်ဆောင်ခြင်း အလုပ်ရုံဆွေးနွေးပွဲ"များမှ ဆွေးနွေးတင်ပြချက်များကို သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်များနှင့် ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် ဆွေးနွေးပွဲတက်ရောက်လာကြသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြပြီး ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များတွင် အထောက်အကူဖြစ်စေမည့် အချက်များကို ကောက်နုတ်သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# Naypyitaw State Academy ၌ အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

Naypyitaw State Academy တွင် ကျောင်းသားလူငယ်များ စီးပွားရေးဆိုင်ရာ အသိဉာဏ်ဗဟုသုတများ တိုးပွားစေရန်နှင့် မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများအတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို နားလည်သိရှိစေရန် ရည်ရွယ်၍ အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ ဟောပြောပို့ချခြင်း အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် Naypyitaw State Academy ဘက်စုံခန်းမ၌ ကျင်းပရာ Naypyitaw State Academy မှ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ (ဌာနမှူးများ)၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမာလာမျိုးညွှန့်က အာဆီယံ၏သမိုင်းကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်း-အေအီးစီ(၂၀၁၅)၏သွင်ပြင်လက္ခဏာများ၊ အေအီးစီ ၂၀၁၅ လမ်းပြမြေပုံ၏ မဟာဗျူဟာအစီအစဉ်အရ အကောင်အထည်ဖော်မှုများ၊ မြန်မာနိုင်ငံ၏ အေအီးစီ ၂၀၁၅ ပြည့်မီအောင်မြင်ရေးအတွက် ဆောင်ရွက်ချက်များ၊ အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊ အေအီးစီ၏ အနာဂတ်လုပ်ငန်းစဉ်များနှင့် ပတ်သက်သည့် သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် Naypyitaw State Academy ဒုတိယပါမောက္ခချုပ် (စီမံ) ဒေါက်တာနုနုလွင်က ဒေါက်တာ မာလာမျိုးညွှန့်ထံ အမှတ်တရ ဂုဏ်ပြုလက်ဆောင် ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# မိုးနဲမြို့နယ် ဆီဆုံ(အောင်သပြေ)ကျေးရွာသို့ ကျေးရွာမြေငှားဂရန် ပေးအပ်

**မိုးနဲ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုးနဲမြို့နယ် နမ့်မော်ဆွမ့်ကျေးရွာအုပ်စု ဆီဆုံ(အောင်သပြေ)ကျေးရွာ အကွက်အမှတ်(၁၈)ရှိ ဆောင်ရွက်ပြီးစီးသော ကျေးရွာမြေငှားဂရန်ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် မြို့နယ်ကမ္ဘောဇခန်းမ၌ ကျင်းပသည်။

ဦးစွာ နမ့်စန်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ဆီဆုံ(အောင်သပြေ)ကျေးရွာအတွက် ကျေးရွာမြေငှားဂရန် ၃၃ စောင်ကို နမ့်စန်ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်ကျော်ဝင်းနှင့် အဖွဲ့ဝင်များ၊ မိုးနဲမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသန်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းဝင်းနှင့် တာဝန်ရှိသူများက ကျေးရွာနေပြည်သူတို့၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြပြီး ကျေးရွာနေပြည်သူများကိုယ်စား ဦးကျော်မင်းအောင်က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးညွှန့်ရွှေ(မိုးနဲ)**



## ယနေ့ညနေအထိ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

# ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ (၇၂)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၂၁

သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့၏ (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၆ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်အတွင်းရှိ ပြာသာဒ်အဆောင်အမှတ်(၂)၌ ကျင်းပသည်။

## တက်ရောက်ကြည်ညို

အခမ်းအနားသို့ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသည့် သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သံဝရာဘိဝံသ(ငါးသိုင်းချောင်း) ဆရာတော်ထံမှ ညွှန့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်၊ သံဃာတော်များ ချီးမြှင့်တော်မူသည့် အန္တရာယ်ကင်းပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် သီရိမင်္ဂလာကမ္ဘာအေးစေတီတော် (၇၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်တွင် မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးသိန်းဦးက ပဋ္ဌာန်းပူဇော်ပွဲ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဝမ်းမြောက်ကြောင်း ထောပနာစကားလျှောက်ထားသည်။

ယင်းနောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ငါးသိုင်းချောင်းဆရာတော်ထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြကာ ကြေးစည်/ကြေးမောင်း (၂၄)ချက် တီးခတ်လျက် ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖွင့်လှစ်သည်။ ယနေ့မှစတင်၍ ဖေဖော်ဝါရီ ၂၅ ရက်အထိ သံဃာတော်အရှင်သူမြတ်များက မဟာပဋ္ဌာန်းကျမ်းမြတ်အား ငါးရက်တိုင်တိုင် ရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့် ရောဝတီတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းများအား လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်သည် ယနေ့နံနက်ပိုင်းတွင် ကျောင်းပြင်ပပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်း၊ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကား ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သူသူတို့နှင့်အတူ ပုသိမ်ပညာရေးဒီဂရီကောလိပ်သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများ စုပေါင်းကာယလေ့ကျင့်ခန်းနှင့် အားကစားလေ့ကျင့်နေမှုများကို ကြည့်ရှုအားပေးကာ ဘော်လီဘောနှင့် ပြေးခုန်ပစ် အားကစားပစ္စည်းများကို မကြာမီ ဖြည့်ဆည်းပေးမည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူတိုင်း တတ်မြောက်ရုံသာမက ထူးချွန်အောင် လေ့ကျင့်ကြရန်မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများ နံနက်စာ သုံးဆောင်နေမှုကို ကြည့်ရှုအားပေးကာ နိုင်ငံတော်က ကျောင်းသား ကျောင်းသူများ၏ စားရေးသောက်ရေးကို ပံ့ပိုးပေးလျက်ရှိရာ ကျောင်းသား ကျောင်းသူများအနေဖြင့် လုပ်ငန်းတာဝန်များကို စိတ်ရောကိုယ်ပါ နှစ်မြှုပ်၍ တိုင်းပြည်အတွက် အားသွန်ခွန်စိုက် ပြန်လည်ဆောင်ရွက်ပေးကြစေလိုကြောင်း မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတတက္ကသိုလ်သို့ရောက်ရှိပြီး ပင်မဆောင် အစည်းအဝေးခန်းမ၌ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တွေ့ဆုံရာ စိုက်ပျိုးရေးနှင့် မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အထောက်အကူပြုမည့် သုတေသနများ ဆောင်ရွက်ရေး၊ ပရောဂျက်အခြေပြု သင်ကြားရေးစနစ် အောင်မြင်ရေးတို့ကို ဆွေးနွေးမှာကြားပြီး ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ တက္ကသိုလ်ပရိဝုဏ်သာယာရေးနှင့် တက္ကသိုလ်က စိုက်ပျိုးထားသည့် မတ်ပဲစိုက်ခင်းများကို လှည့်လည်ကြည့်ရှုသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ဟင်္သာတမြို့နယ် နတ်မော်ရွာ အခြေခံပညာအထက်တန်းကျောင်း၊ ဟင်္သာတမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းနှင့် ဇလွန်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရောဝတီတိုင်းဒေသကြီးနယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာခြင်းဆောင်ရွက်

ပုသိမ် ဖေဖော်ဝါရီ ၂၁

ရောဝတီတိုင်းဒေသကြီး နယ်မြေရှိ မဲဆန္ဒရှင်ပြည်သူများ မြန်မာအီလက်ထရောနစ်မဲပေးစက်ဖြင့် လက်တွေ့စမ်းသပ်မဲပေးလေ့လာသည့် အသိပညာပေးအစီအစဉ်အား ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကြံခင်းမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၃၅ ခုမှ ပြည်သူ ၅၀၂ ဦး၊ ဓနုဖြူမြို့နယ်ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၈၁ ခုမှ ပြည်သူ ၅၀၅ ဦး စုစုပေါင်း ၁၀၀၇ ဦး တက်ရောက်ပြီး လက်တွေ့စမ်းသပ် မဲပေးလေ့လာကြသည်။



တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများမှ တာဝန်ရှိသူများက MEVM စက်ဖြင့် စမ်းသပ်မဲပေးမှုအဆင့်ဆင့်ကို ရှင်းလင်းပြသဆောင်ရွက်ကြပြီး တက်ရောက်လာကြသည့် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဝန်ထမ်းများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်ပြည်သူများက စိတ်ပါဝင်စားစွာ လက်တွေ့ စမ်းသပ်မဲပေးခဲ့ကြသည်။

စမ်းသပ်မဲပေးသူများက ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများတွင် မဲရုံအဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများအရ နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပိုမိုကောင်းမွန်စေမည့် အကြံပြုချက်များပေးပြီး ရောဝတီတိုင်းဒေသကြီး နယ်မြေအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တွင် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်မှ ၂၁ ရက်အထိ မဲဆန္ဒရှင် စုစုပေါင်း ၁၅၆၀၀ က အီလက်ထရောနစ်မဲပေးစက်ဖြင့် ကိုယ်တိုင်လက်တွေ့ စမ်းသပ်မဲပေးလေ့လာမှုများ ဆောင်ရွက်ခဲ့ကြသည်။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်းပြီး နေပြည်တော်ရှိ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ပြည်ထောင်စုနယ်မြေရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မဲဆန္ဒရှင်ပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် မဲဆန္ဒရှင်ပြည်သူများ၊ နိုင်ငံရေးပါတီအသီးသီးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ စုစုပေါင်း ၉၈၄၉၄ ဦးတို့အား ရှင်းလင်းခြင်း၊ လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်္ဂပူမြို့နယ်၌ စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးပေးအပ်

အင်္ဂပူ ဖေဖော်ဝါရီ ၂၁

ရောဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် ကွင်းကောက်မြောက်ကျေးရွာအုပ်စု ကွင်းကောက်တောင် စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား ၃၀ ၏ နွေစပါးဧက ၃၇၀ အတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော သွင်းအားစုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ငွေကျပ်သိန်း ၇၄၀ ပံ့ပိုးငွေ ပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်အသင်းသားများ တက်ရောက်ခဲ့ပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိက နွေစပါး အထွက်နှုန်းတိုးရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပုသိမ်မြို့၌ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂၁**

ပညာရေး ဝန်ကြီးဌာနနှင့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ မအူပင်မြို့နယ်၊ မြောင်းမြမြို့နယ်နှင့် ဘိုကလေးမြို့နယ် အခြေခံစာတတ်မြောက်ရေး လုပ်ငန်း ဂုဏ်ပြုပွဲ အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခြေခံစာတတ်မြောက်ရေး လုပ်ငန်း တိုင်းဒေသကြီး ကြီးကြပ်မှု ကော်မတီနာယက တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကား ပြောကြားသည်။

ဆက်လက်၍ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ကြီးကြပ်မှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်က ဂုဏ်ပြုစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များသည် ကျောင်းပြင်ပ ပညာရေးကဏ္ဍ၏ စာတတ်မြောက်ရေးလုပ်ငန်း ပညာပေး "မနီပြုံးနိုင်ပြီ" ဇာတ်လမ်းတိုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး မြို့နယ်ငါးမြို့နယ်မှ အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းတွင် ကြီးကြပ်ပါဝင်ဆောင်ရွက်ခဲ့သည့် မြို့နယ်စာတတ်မြောက်ရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြို့နယ်ငါးမြို့နယ်မှ အခြေခံစာတတ်မြောက်ရေး လုပ်ငန်းတွင်သင်ကြားပေးခဲ့သည့် စေတနာလုပ်အားပေး နည်းပြကြီးကြပ်ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်မှတ်များကို လည်းကောင်း၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးနှင့် မြို့နယ်ငါးမြို့နယ်မှ အခြေခံ စာတတ်မြောက်ရေး လုပ်ငန်းတွင် တက်ရောက်သင်ယူခဲ့ကြသည့် စာသင်သားကိုယ်စားလှယ်များအား သင်ယူပြီးမြောက်ကြောင်း လက်မှတ်များကိုလည်းကောင်း တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






# လက်ရက်ကန်းကာလတို တစ်လသင်တန်းဆင်းပွဲ ကျင်းပ

**မကွေး ဖေဖော်ဝါရီ ၂၁**

မကွေးတိုင်းဒေသကြီးအသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်ဖြင့် ဆောင်ရွက်သည့် လက်ရက်ကန်းကာလတို တစ်လသင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါရုံးသင်တန်းခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်က သင်တန်းသူများအနေဖြင့်ရက်ကန်းသင်တန်းများ ဖွင့်လှစ်ပို့ချပြီး ရက်ကန်းစင်များကို ထောက်ပံ့ပေးပြီးဖြစ်သည့်အတွက် မိမိဒေသတွင်သာမက အခြားရွာများရှိ ရက်ကန်းပညာကို စိတ်ဝင်စားသောသူများကိုလည်း လက်ဆင့်ကမ်း၍ မြန်မာ့ရက်ကန်းလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး မကွေးတိုင်းဒေသကြီး၏ ချည်ထည်လုပ်ငန်းများ ပိုမိုထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ကြ စေလိုကြောင်း ပြောကြားသည်။ ထို့နောက် မကွေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စုစုခိုင်က သင်တန်း ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**လက်ခံရယူ**

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရက်ကန်းစင်ကိုလည်းကောင်း၊ စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်က သင်တန်းဆင်းအောင်လက်မှတ်ကိုလည်းကောင်း၊ လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်နှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်သူဦးတို့က သင်တန်းထွက် ကုန်ချောပစ္စည်းများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ရာ သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးချင်းက အသီးသီးလက်ခံရယူခဲ့ကြသည်။

ထို့နောက် သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသူများ ကိုယ်တိုင်ရက်လုပ်ထားသည့် အဝတ်အထည်များကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်းနှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် ရှစ်ခု၊ အပတ်စဉ် တစ်ခုလျှင် ခြောက်ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ အဋ္ဌမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၁၉-၂-၂၀၁၄ ရက်နေ့မှ ၂၉-၃-၂၀၁၄ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိအောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)** အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း-၀၉ ၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)** အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊ ဖုန်း-၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)** ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)** အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)** အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)** ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)** အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)** မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှာင်း)** အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှာင်းမြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)** အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

■

# သဲကုန်းမြို့နယ်၌ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါး စိုက်ပျိုးဆောင်ရွက်မှု လက်တွေ့သရုပ်ပြ

**သဲကုန်း ဖေဖော်ဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းကြီးကြပ်မှုကော်မတီ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၉၄) စက်မှုလယ်ယာစခန်းတို့ ပူးပေါင်း၍ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးခြင်းကို ယနေ့နံနက် ၉ နာရီက နွယ်ကောက်ကျေးရွာအုပ်စု တဲကြီးကုန်းကျေးရွာ ကွင်းအမှတ်(၉၁၃)ရှိ တောင်သူ ဦးမောင်ဝင်း၏ လယ်မြေ တစ်ဧက၌(YAR) စပါးမျိုးစိုက်ပျိုးဆောင်ရွက်မှု ကွင်းသရုပ်ပြ ဆောင်ရွက်သည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းက လက်ဆွဲကောက်စိုက်စက်ဖြင့် စပါးစိုက်ပျိုးရာတွင် ပျိုးပင်များစိုက်နည်း စနစ်တကျ စိုက်ပျိုးရေးနှင့် ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် ကောက်စိုက်လုပ်သား ရှားပါးမှုပြဿနာကို ဖြေရှင်းပေးနိုင်ပြီး လုပ်အားခသက်သာခြင်း၊ မျိုးစေ့ကုန်ကျမှုနည်းပါးခြင်း၊ ပျိုးထောင်ဧရိယာ အနည်းငယ်သာလိုအပ်ခြင်း၊ ပင်ပွားနှုန်းကောင်းမွန်ပြီး စပါးအထွက်နှုန်းကောင်းမွန်စေခြင်း စသည့် အကျိုးကျေးဇူးများ ရရှိနိုင်ကြောင်း ဆွေးနွေးပြောကြားသည်။

လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးရာတွင် တစ်နေ့လျှင် ငါးဧကကျော် စိုက်ပျိုးနိုင်သဖြင့် လုပ်ငန်းတွင်ကျယ်၍ ပိုမိုတိုးတက်ပြီးစီးကြောင်း သိရသည်။

အဆိုပါ လက်ဆွဲကောက်စိုက်စက်ဖြင့် နွေစပါးစိုက်ပျိုးဆောင်ရွက်မှုအား လက်တွေ့ပြသခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ လေ့လာကြည့်ရှုကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

# အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား အထူးကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းအား တိုင်းဒေသကြီးဝန်ကြီးချုပ် သွားရောက်ကြည့်ရှုအားပေး



ပဲခူး ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် အစိုးရအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့သွားရောက်၍ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား (၁၅)ကြိမ်မြောက် လစဉ် ၂၁ ရက်နေ့ရောက်တိုင်း ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးသည်။

## လိုက်လံကြည့်ရှု

ဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ပဲခူးမြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးဝန်ထမ်းများက စမ်းသပ်စစ်ဆေးကုသပေးနေမှု၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပရဟိတအဖွဲ့အစည်းများမှ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနေမှုများကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်သည် ကျန်းမာရေးစောင့်ရှောက်မှု လာရောက်ခံယူကြသည့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး အခြေခံစားသုံးကုန်များအား ဈေးနှုန်းသက်သာစွာဖြင့် အမယ်စုံရောင်းချပေးနိုင်ရေး ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်စီစဉ်မှု၊ ဌာနဆိုင်ရာ၊ မြို့မိမြို့ဖ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီပါဝင်မှုဖြင့် လစဉ် ၂၁ ရက်နေ့တိုင်း တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်မှ ပြည်သူ့ဆေးရုံကြီးများ၌ ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိသည်မှာ (၁၅)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တနိုင်းမြို့နယ်နှင့် ပြင်ဦးလွင်မြို့တို့ရှိ သံဃာတော်များ၊ ဒေသခံပြည်သူများနှင့် အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်လှည့် ဆေးကုသရေးအဖွဲ့က တနိုင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



## စီစဉ်ဆောင်ရွက်ပေး

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အရိုးအကြောရောဂါ၊ သွားနှင့်ခံတွင်း ရောဂါ၊ မျက်စိရောဂါ၊ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ အငြိမ်းစားနိုင်ငံ့ဝန်ထမ်း ၆၀ တို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူများကို နယ်မြေခံ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တနိုင်းတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ညံ့ညင်းသာကျေးရွာ သာသနာ့အောင်မြေကျောင်းတိုက်ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ နယ်မြေခံ ဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်ရှိ ဂန္ထဝါစကပါလကျောင်းဆောင်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် တိုင်းစစ်ဌာနချုပ် နယ်မြေခံ ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ၊ မျက်စိရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ခွဲစိတ်ရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ သံဃာတော် အပါး ၂၃၀ နှင့် ဒေသခံပြည်သူ ၂၀ တို့ကို လိုအပ်သည့် ဆေးဝါးကုသမှု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ ဟောပြောဆွေးနွေးကာ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် လူနာများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ဆေးကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် သာသနာ့အောင်မြေကျောင်းတိုက် ပဓာနနာယကဆရာတော် သာသနပါလဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသြဘာသအား ဖူးမြော်ကြည်ညို၍ သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

သတင်းစဉ်

# ရေတာရှည်မြို့နယ်၌ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးခြင်းနှင့် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေး

ရေတာရှည် ဖေဖော်ဝါရီ ၂၁

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို လစဉ် ၂၁ ရက်နေ့မှ စတင်ထုတ်ပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီမှစတင်၍ အငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာများ ထုတ်ပေးလျက်ရှိသည်။

ရေတာရှည်မြို့နယ်အတွင်း၌ ပင်စင်လစာထုတ်ယူသူ အငြိမ်းစားဝန်ထမ်း ၂၈၀၀ ခန့်ရှိရာ ယနေ့တွင်နိုင်ငံ့ဝန်ထမ်း ပင်စင်စား ၃၅၀ ကျော်အား ဘဏ်လုပ်ငန်းရုံးချိန်အတွင်း ထုတ်ပေးသည်။

## ကျွေးမွေးဧည့်ခံခဲ့ကြ

အဆိုပါနိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဥက္ကာသန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျန်းမာရေးဝန်ထမ်းများက ပင်စင်လစာထုတ်ယူသည့် အငြိမ်းစားဝန်ထမ်းများအား သွေးချို/ဆီးချို စစ်ဆေးခြင်း၊ ကိုယ်အလေးချိန်တိုင်းခြင်း၊ သွေးပေါင်ချိန်ပေးခြင်း တို့ကိုဆောင်ရွက်၍ ကျန်းမာရေးစစ်ဆေးပေးကာ လိုအပ်သောဆေးဝါးနှင့် ကုသပေးခြင်းများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ပြီး အာဟာရဒါနများ ကျွေးမွေးဧည့်ခံခဲ့ကြကြောင်း သိရသည်။

ရေတာရှည်(ပြန်/ဆက်)





# လားရှိုးမြို့ရှိ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများ ဆောင်ရွက်

လားရှိုး ဖေဖော်ဝါရီ ၂၁

လားရှိုးမြို့၌ အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းမှစတင်ကာ လားရှိုးပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်ပေးလျက်ရှိသည်။

## ကြည့်ရှုအားပေး

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများ ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများကို ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်)အတွင်းရေးမှူး ရဲမှူးကြီးလှမင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာထွန်းညွန့်ဦး၊ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာလှထွန်းနှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

အငြိမ်းစားနိုင်ငံ့ဝန်ထမ်းများကို ပင်စင်လစာထုတ်ရက်ဖြစ်သည့် ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းမှစတင်ကာ ဖေဖော်ဝါရီ ၂၁ ရက်၊ ၂၂ ရက်၊ ၂၃ ရက်နှင့် ဖေဖော်ဝါရီ ၂၆ ရက်၊ ၂၇ ရက်၊ ၂၈ ရက်တို့တွင် လိုအပ်သည့် ဆေးဝါးစမ်းသပ်ကုသပေးမှုများကို စမ်းသပ်ကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်းထွန်း(လားရှိုး)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့တွင်ကျင်းပသည့် phygital center ဖွင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် တက်ရောက်



ကာဇန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတကာအားကစားမျိုးစုံပြိုင်ပွဲ အကြိုနေ့ဖြစ်သည့် ဖေဖော်ဝါရီ ၂၀ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် Dmitry Chernyshenko က ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာဇန်မြို့ရှိ အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးပြီး Volga Region State University of Physical Culture, Sports and Tourism တွင် ကျင်းပသည့် phygital center ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း en.gofuture.games ဝက်ဘ်ဆိုက်၏ သတင်းအရ သိရသည်။ Phygital အားကစားနည်းသည် အားကစားနည်းသစ်တစ်မျိုးဖြစ်ပြီး ယခုအချိန်တွင် နိုင်ငံနှင့်ဒေသပေါင်း ၆၃ ခုတွင် ယင်းအားကစားနည်းဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းထားရှိသည်။ အဆိုပါ phygital စင်တာတွင် ၎င်းအားကစားနည်းအတွက် ကျွမ်းကျင်သူများကို မွေးထုတ်သွားမည်ဖြစ်ကြောင်း Dmitry Chernyshenko က ထပ်လောင်းပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီး Oleg Matytsin၊ တာတာစတန်သမ္မတနိုင်ငံ အားကစားဝန်ကြီး Vladimir Leonov Volga Region State University of Physical Culture, Sports and Tourism (PGUFKSiT)၏ ပါမောက္ခချုပ် Rafis Burganov တို့နှင့်အတူ PhygitalCenter ၏ လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ၎င်း၏လုပ်ငန်းဆောင်ရွက်မှုနှင့် လေ့ကျင့်သင်တန်းပေးမည့် အစီအစဉ်များကို ဆွေးနွေးခဲ့သည်။

Volga Region State University သည် phygital အားကစားနည်းများအတွက် အားကစားလေ့ကျင့်ရေးရုံဖြစ်လာသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်ကြောင်းနှင့်ကျောင်းသားများအတွက် ယင်းအားကစားနည်းကို လေ့လာနိုင်သည့် အခွင့်အလမ်းများရရှိခဲ့ကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီး Oleg Matytsin က မှတ်ချက်ပြုပြောကြားသည်။

Phygital center နှစ်မျိုးရှိကာ ပထမအမျိုးအစားသည် Semi-covered ဖြစ်ပြီး ၎င်းတွင် ပြင်ပအားကစားကွင်းများ (အသေးစားဘောလုံးကွင်း၊ လမ်းဘေးဘောလုံးကွင်းနှင့် အားကစားပစ္စည်းများပါရှိသောဧရိယာ) အပြင် အုပ်ချုပ်ရေးရုံးနှင့် ဂိမ်းကစားသည့်နေရာများ (အစားအသောက်ခန်း၊ လေ့ကျင့်ခန်း၊ ကွန်ပျူတာခန်း၊ ဗီဒီယိုဂိမ်းစက်နှင့် virtual reality နေရာများ) ပါဝင်ပြီး ကာဇန်တွင် ဖွင့်လှစ်ထားသော စင်တာသည် ၎င်းအမျိုးအစားဖြစ်ကြောင်း သိရသည်။

ဒုတိယအမျိုးအစား Phygital center သည် မိုးလုံလေလုံအမျိုးအစားဖြစ်ကာ ၎င်းတွင်အားကစားပြိုင်ပွဲများနှင့် ဂိမ်းကစားနည်းများကို အဆောက်အအုံတစ်ခုတည်းတွင် ဆောင်ရွက်နိုင်သည်။

phygital center ရှိ နေရာအားလုံးကို ဂိမ်းကစားသည့်စနစ်ဖြင့် ချိတ်ဆက်ထားပြီး လာရောက်ကစားသူများသည် ၎င်းတို့၏ယှဉ်ပြိုင်မှုဆိုင်ရာ တိုးတက်မှုအခြေအနေကို ခြေရာခံခြင်း၊ ဂိမ်းကစားရာတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို လက်ခံဆောင်ရွက်ခြင်း၊ ကစားပွဲများတွင် အောင်မြင်မှုများကို မှတ်တမ်းတင်ခြင်းနှင့် ပြိုင်ပွဲများတွင် ပါဝင်ကစားခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

၎င်း phygital အားကစားနည်းပြိုင်ပွဲသည် သီတင်းနှစ်ပတ် ကြာမြင့်မည်ဖြစ်ပြီး နိုင်ငံပေါင်း ၁၀၇ နိုင်ငံမှအသင်း ၂၉၄ သင်းနှင့် အားကစားသမား ၂၀၀၀ ကျော် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကာ ယင်းပြိုင်ပွဲတွင် တရုတ်နှင့် ဘရာဇီးနိုင်ငံတို့ ပါဝင်မည်ဖြစ်သည်။

၎င်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့်မြန်မာနိုင်ငံမှ Burmese Ghouls အသင်းသည် MLBB Games of the Future Kazan 2024 တွင် ပါဝင်ရန် ဖိတ်ကြားခြင်းခံရသည့် မြန်မာနိုင်ငံမှ ပရော်ဖက်ရှင်နယ် Mobile Legends esports အဖွဲ့ဖြစ်သည်။

**ကိုးကား – en.gofuture.games, ePrime feed**

**ဘာသာပြန် – စိုးသူရ**

# သီရိလင်္ကာနိုင်ငံ၌ အိမ်ခေါင်မိုးပေါ်တွင်တပ်ဆင်ထားသော ဆိုလာပြားများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု မဂ္ဂါဝပ် ၇၅၀ ကျော်လွန်

ကိုလံဘို ဖေဖော်ဝါရီ ၂၁

သီရိလင်္ကာနိုင်ငံ၌ အိမ်ခေါင်မိုးပေါ်တွင် တပ်ဆင်ထားသော ဆိုလာပြားများမှ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလလယ်တွင် မဂ္ဂါဝပ် ၇၅၀ ကျော်လွန်သွားပြီဖြစ်ကြောင်း နိုင်ငံပိုင် လျှပ်စစ်ထုတ်လုပ်သူနှင့် ဖြန့်ဖြူးရေးအဖွဲ့ Ceylon Electricity Board (CEB)က ယနေ့ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသည် နေရောင်ခြည်၊ လေနှင့်အခြား ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များအတွက် အလားအလာနှင့် အခြေခံကောင်းများရှိကြောင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ထုတ်လုပ်ခြင်းဆိုင်ရာ တိုးတက်မှုအပေါ် နိုင်ငံပိုင် လျှပ်စစ်ထုတ်လုပ်သူနှင့် ဖြန့်ဖြူးရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ နိုရယ်ပရီယန်သာက မှတ်ချက်ပြုပြောကြားသည်။

နိုင်ငံအတွင်း၌ အဆောက်အအုံပေါင်း ခုနစ်သန်းဝန်းကျင်ရှိသော်လည်း ၎င်းတို့အနက်မှ ၅၀၀၀၀ သည် ခေါင်မိုးပေါ်ရှိ ဆိုလာစနစ်များကို တပ်ဆင်ထားပြီး နေရောင်ခြည်စွမ်းအင်မှတစ်ဆင့် လျှပ်စစ်ကို ထုတ်ယူသုံးစွဲလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောသည်။

လက်ရှိတွင် CEB သည် အိမ်ခေါင်မိုးပေါ်၌ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်သည့် အိမ်ထောင်စုများထံမှ လျှပ်စစ်တစ်ယူနစ်ကို ၃၇ ရူပီး (သုည ဒသမ ၁၂ ဒေါ်လာခန့်)ဖြင့် ဝယ်ယူနေပြီး အဆိုပါထုတ်လုပ်သူများသည် ၎င်းတို့၏ ကနဦးကုန်ကျစရိတ်များကို ငါးနှစ်အတွင်း ပြန်လည်ရရှိနိုင်မည်ဖြစ်ကြောင်း နိုရယ်ပရီယန်သာက ပြောကြားသည်။

CEB သည် ခေါင်မိုးပေါ်၌ ဆိုလာပါဝါစနစ်တပ်ဆင်ရန် စိတ်ဝင်စားသူများအတွက် ဘဏ်ချေးငွေ ရရှိရန် နိုင်ငံပိုင်ဘဏ်များနှင့်လည်း ဆွေးနွေးနေကြောင်း ၎င်းကဆိုသည်။



သီရိလင်္ကာအစိုးရသည် အစောပိုင်းက ကြေညာထားသည့်အတိုင်း ၂၀၃၀ ပြည့်နှစ်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ၇၀ ရာခိုင်နှုန်း ရရှိစေရန်နှင့် ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှုလျှော့ချသည့် နိုင်ငံဖြစ်လာရေး ရည်မှန်းချက်ချမှတ်ထားသည်။

နိုင်ငံတော် မဟာဓာတ်အားလိုင်း၏ စုစုပေါင်း လျှပ်စစ်ထုတ်လုပ်နိုင်မှုမှာ မဂ္ဂါဝပ် ၅၀၀၀ ကျော်ရှိပြီး ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလတွင် နေ့စဉ်စွမ်းအင်သုံးစွဲမှုသည် တစ်ရက်လျှင် ၄၆ ဂစ်ဂါဝပ်ခန့်ရှိကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**

**ဘာသာပြန် – အောင်ကျော်ကျော်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၂-၂-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၇၀ | ၂၈၁၅ | ၂၈၁၀ | ၂၇၇၅ | ၂၈၁၅ | ၂၈၄၀ | ၂၈၂၅ | ၂၈၀၀ | ၂၉၀၀ | ၂၉၁၅ | ၂၈၀၅ | ၂၈၁၅ | ၂၈၅၅ | ၂၈၅၅ | ၂၈၅၅ | ၃၀၈၅ | ၃၁၅၀ |
| 95 Ron | ၂၈၇၅ | ၂၉၂၅ | ၂၉၂၅ | ၂၈၈၅ | ၂၉၂၅ | ၂၉၄၅ | ၂၉၃၀ | ၂၉၁၀ | ၃၀၁၀ | ၃၀၂၅ | ၂၉၁၅ | ၂၉၃၅ | ၂၉၆၀ | ၂၉၆၀ | ၂၉၆၅ | ၃၁၉၅ | ၃၂၅၀ |
| HSD (500 ppm) | ၂၅၉၅ | ၂၆၄၅ | ၂၆၄၀ | ၂၆၀၅ | ၂၆၄၀ | ၂၆၆၅ | ၂၆၆၀ | ၂၆၃၀ | ၂၇၅၀ | ၂၇၄၅ | ၂၆၃၅ | ၂၆၄၅ | ၂၆၈၀ | ၂၆၈၀ | ၂၆၈၅ | ၂၉၁၅ | ၃၅၄၀ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၉၀ | ၂၆၉၀ | ၂၆၅၀ | ၂၆၉၀ | ၂၇၁၅ | ၂၇၁၀ | ၂၆၇၅ | ၂၇၉၅ | ၂၇၉၀ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၃၀ | ၂၇၃၀ | ၂၉၆၀ | ၃၅၉၅ |
| HSD (10 ppm) | ၂၆၅၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၆၅ | ၂၇၀၀ | ၂၇၂၅ | ၂၇၂၀ | ၂၆၉၀ | ၂၈၁၀ | ၂၈၀၀ | ၂၆၉၅ | ၂၇၀၅ | ၂၇၄၀ | ၂၇၄၀ | ၂၇၄၅ | ၂၉၇၀ | ၃၅၉၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၄၁ | ၂၇၂၈ |
| 95 Ron | ၂၇၄၆ | ၂၈၃၅ |
| HSD (500 ppm) | ၂၄၇၄ | ၂၅၅၃ |
| HSD (50 ppm) | ၂၅၁၉ | ၂၅၉၉ |
| HSD (10 ppm) | ၂၅၃၂ | ၂၆၁၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့ဘက်မှ ရပ်တည်ခြင်းမပြုရန် ဥရောပသမဂ္ဂအား ဟူသီအဖွဲ့ သတိပေးပြောကြား

ဆာနာ ဖေဖော်ဝါရီ ၂၁

ပင်လယ်နီဒေသ၌ လက်ရှိဖြစ်ပွားနေသည့် တိုက်ခိုက်မှုများတွင် အမေရိကန်နှင့်ဗြိတိန်နိုင်ငံတို့ဘက်မှ ရပ်တည်ခြင်းမပြုရန် ဥရောပသမဂ္ဂအား ဟူသီအဖွဲ့က သတိပေးပြောကြားခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။

ပင်လယ်နီဒေသအရေးတွင် ဥရောပသမဂ္ဂအား မီးနှင့် ဆော့ကစားခြင်းမျိုး မဆောင်ရွက်ရန် ဟူသီအဖွဲ့က သတိပေးပြောကြားလိုက်ပြီး အဆိုပါပင်လယ်ဒေသတွင် ဥရောပသမဂ္ဂမှ ရေတပ်သင်္ဘောများကို ဖြန့်ကြက်ချထားမည်ဆိုပါက ဆိုးရွားသည့် အကျိုးဆက်များကို ခံစားရမည်ဟု ဟူသီအဖွဲ့က ထပ်လောင်းပြောကြားသည်။ ပင်လယ်နီဒေသအတွင်း ကုန်တင်သင်္ဘောများတိုက်ခိုက်ခံနေရသဖြင့် ဥရောပသမဂ္ဂ၏ ရေတပ်သင်္ဘောများက ယင်းကုန်တင်သင်္ဘောများအား ကာကွယ်စောင့်ရှောက်ရေးမစ်ရှင်ကို ဖေဖော်ဝါရီ ၁၉ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ဟူသီအဖွဲ့သည် ယမန်နှစ် နိုဝင်ဘာလလယ်မှစတင်၍ ပင်လယ်နီအတွင်း ဖြတ်သန်းသွားလာသည့် အစ္စရေးသင်္ဘောများကို တိုက်ခိုက်ခဲ့ပြီး ဂါဇာဒေသခံများနှင့် တစ်သားတည်း ရပ်တည်နေကြောင်းပြသခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# ဧရာဝတီတိုင်းဒေသကြီး ငပုတောင်မြို့နယ် သဲဖြူကျေးရွာ၌ သုံးရက်အတွင်း ဒေသခံအမျိုးသား ၂၀ ကျော် ဖမ်းဆီးခံထားရကြောင်း ကောလာဟလသတင်းအမှားများကို လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောင်းမြို့နယ် သဲဖြူကျေးရွာ၌ ဖေဖော်ဝါရီ ၁၅ ရက်မှ ၁၈ ရက်ထိ သုံးရက်တာအတွင်း ည ၈ နာရီနောက်ပိုင်း အပြင်မှာတွေ့ရှိသည့် လူငယ်လူရွယ်အမျိုးသား ၂၀ ကျော်ကို ကျေးရွာထိပ်တွင် ကင်းပုန်းချထားသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်းနှင့် အဆိုပါလူငယ်များကို စစ်သင်တန်းပေးမည်ဟု ကောလာဟလသတင်းအမှားများကို လူငယ်လူရွယ်များနှင့် မိဘပြည်သူများ စိုးရိမ်ထိတ်လန့်စေရန်အတွက် တရားမဝင်ပြည်ဖျက်မီဒီယာအချို့က လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူတစ်ဦး၏ ပြောကြားချက်အရ ၎င်းနေ့ရက်များတွင် ငပုတောင်းမြို့နယ် သဲဖြူကျေးရွာနှင့် အနီးဝန်းကျင်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေတည်ငြိမ်ရေးနှင့် လုံခြုံရေးဆောင်ရွက်ခဲ့ခြင်းသာရှိပြီး လူငယ်လူရွယ်များကို ဖမ်းဆီးခြင်းမရှိကြောင်း သိရှိရသည်။

ထိုသို့ တရားမဝင်ပြည်ဖျက်မီဒီယာများနှင့် ရပ်ရွာအေးချမ်းသာယာရေးကို မလိုလားသူများက လူငယ်လူရွယ်များ၊ မိဘပြည်သူများကို စိုးရိမ်ထိတ်လန့်စေရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများက စစ်မှုထမ်းရန်အတွက် လမ်းသွားလမ်းလာများကို ဖမ်းဆီးခြင်းစသည့် ကောလာဟလသတင်းအမှားများကြောင့် အကြမ်းဖက်အဖွဲ့အစည်းများသို့ လူငယ်လူရွယ်များက ဝင်ရောက်လာစေရေးအတွက် စည်းရုံးသိမ်းသွင်းနေသည့် ဝါဒဖြန့်သတင်းများသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ မဟုတ်မမှန်ဝါဒဖြန့်ချိမှုများနှင့် ကောလာဟလသတင်းများကို မိဘပြည်သူများနှင့်လူငယ်လူရွယ်များ ထင်ယောင်ထင်မှားမဖြစ်စေရန်နှင့် သိရှိနားလည်စေရန်




အတွက် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါကြောင်း၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို နိုင်ငံပိုင်သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ကြေညာလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ပေါ်ရှိ လူသွားလူလာရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

## သွားရောက်စစ်ဆေး

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၁၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ကန်ကောက်ရပ်ကွက် ၅၃ လမ်း၊ ၂၇ x ၂၉(A) လမ်းကြားတွင် လူတစ်ဦး ဓားဒဏ်ရာဖြင့် လဲကျနေကြောင်း သတင်းအရ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ကွပ်ကဲမှုအောက် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အခင်းဖြစ်သည့်နေရာ၌ အမျိုးသားတစ်ဦးသည် ဓားဒဏ်ရာများဖြင့် လဲကျသေဆုံးလျက်ရှိသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ချက်များအရ သေဆုံးသူသည် ယင်းနေ့တွင် ၅၃ လမ်းအတိုင်း မြောက်ဘက်မှ တောင်ဘက်သို့ Scoopyi အနက်ရောင် ဆိုင်ကယ်ဖြင့် မောင်းနှင်လာစဉ် ၂၇ x ၂၉ (A) လမ်းကြားသို့ အရောက်၌ တောင်ဘက်မှ မြောက်ဘက်သို့ မောင်းနှင်လာသည့် လူလေးဦးပါ ဆိုင်ကယ်နှစ်စီးမှ ရှေ့မှပိတ်ရပ်ပြီး နောက် ဆိုင်ကယ်နောက်တွင် လိုက်ပါလာသူများက အသင့်ယူဆောင်လာသော ဓားများဖြင့် ထိုး၍ ဆိုင်ကယ်အား လုယူမောင်းနှင် ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

## ၃၅ နာရီအတွင်း ဖမ်းဆီးရမိ

ပြစ်မှုကျူးလွန်တရားခံများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တာဝန်ရှိသူများက အဖွဲ့များခွဲ၍ စိစစ်ဆောင်ရွက်ခဲ့ရာ ဖြစ်စဉ်တွင် ပါဝင်ပတ်သက်ခဲ့သည့် ချမ်းမြေ့အောင် (ခ)ဒေါက်ဒေါက် (၂၂ နှစ်) (ဘ) ဦးလင်းအောင်၊ တိုးဝေ(ခ)တိုးတက်(ခ) အားထစ် (၁၇ နှစ်) (ဘ)ဦးစံသိန်း၊ ရဲဝင်းအောင် (၁၇ နှစ်)(ဘ)ဦးဇော်ဝင်း၊ ကျော်ကြီး(ခ) ကျော်ကျော်မြင့် (၁၈ နှစ်) (ဘ) ဦးမြငွေတို့ လေးဦးနှင့် သက်သေခံဆိုင်ကယ်ကို ဝယ်ယူခဲ့သူများအား သက်သေခံပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး ၃၅ နာရီအတွင်း ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံများအား ကနဦးစစ်ဆေးချက်များအရ ၎င်းတို့သည် မန္တလေးမြို့ပေါ်ရှိ လူအသွားအလာနည်းပါးသည့် နေရာများတွင် အုပ်စုဖွဲ့၍ တန်ဖိုးကြီး ဆိုင်ကယ်များအား ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သက်သေခံပစ္စည်းများ ဆက်လက်သိမ်းဆည်းရမိရေးနှင့် ၎င်းတို့အား ဥပဒေနှင့်အညီအရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





လူသွားလူလာ ရှင်းသည့်နေရာများတွင် ဆိုင်ကယ်များကို အုပ်စုဖွဲ့၍ ဓားထောက်လုယက်မှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သည့် တရားခံများကို သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသည့်မှတ်တမ်းဓာတ်ပုံ။

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၂-၂-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော်(ဓမ္မသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၃၅ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)
၀၉:၁၅ NRC အစီအစဉ်
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ ချစ်ရာ...မချမ်းဘော့
၁၁:၁၀ Next Level
၁၁:၂၀ မုန်တိုင်းကိုဆန်ပျံသန်းကြသူများရဲ့ ရာဇဝင်(အပိုင်း-၁)
၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားက ချစ်လိပ်ပြာ' (အပိုင်း-၁၁)
၁၃:၃၀ MRTV National News
၁၄:၀၀ မုန်တိုင်းကိုဆန်ပျံသန်းကြသူများရဲ့ ရာဇဝင်(အပိုင်း-၂)
၁၄:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၁)
၁၆:၃၅ မြန်မာထုံးတမ်းစဉ်လာလက်ထပ်ထိမ်းမြားခြင်းဆိုင်ရာယဉ်ကျေးမှုနှင့်ဝတ်စားဆင်ယင်မှု စကားဝိုင်း
၁၇:၁၀ Soccer View
၁၇:၂၅ လူမှုစီးပွားမြင်ကွင်းများ
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ ဘယ်သူမှန်လဲအပြိုင်ကြ
၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၁၅)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
၂၁:၂၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၃၃)
၂၂:၁၀ မြန်မာဇာတ်လမ်းတွဲ 'ရစ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၁၂)

### mitv

07:02 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
07:08 Great Shwedagon - Nine Wonders Around The Platform of Shwedagon Pagoda
07:21 Journey To The Mogok (Part-1)
07:44 Making a Living as Horticulturist
08:01 News
08:26 Geographic Center of Myanmar
08:47 Healthy Diet: Keto Diet
09:01 Discovering Tribes "Rvwang" Their Life and Customs (Part-1)
09:26 Home for the Beautiful Star Tortoises
09:43 The Recycle Art: Tyre
10:01 News

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
ထူးဆန်းဖွယ်ရာရခိုင့်ဓလေ့ရှေးရိုးရာ(ရခိုင်ရိုးရာဘုန်းကြီးပျံပွဲ-ဒုံးပျံ)
**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
မို့ရဲ့ကောင်းကျိုးဆိုးကျိုး
**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
ကဏန်းချဉ်စပ်ပြုလုပ်နည်း
**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
လီဆူရိုးရာဓားလှေကားတက်ပွဲ
**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
သဘာဝဆန်ဆန်အလှရှိရာ ခူးပရာတောင်ရှေ့တောင်တန်းဆီသို့
**စကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ကျောက်ကပ်ရောဂါအကြောင်းသိကောင်းစရာ
**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
ရှမ်းရိုးရာအစားအစာရှမ်းထမင်းချဉ်
**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ (တိရစ္ဆာန်အခေါ်အဝေါ်)
**ချင်း (လိုင်ဇိုး) (၁၉:၀၀ မှ ၂၀:၀၀)**
ရာဇဂြိုဟ်မြို့သို့အလည်တစ်ခေါက်
**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
သားရေကွင်းပြုလုပ်နည်း
**မွန် (၂၁:၀၀ မှ ၂၂:၀၀)**
မြေထည်အိုးပြုလုပ်ပုံအဆင့်ဆင့်

### MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၉:၁၅ ကမ္ဘာ့ဝန်းကျင်ဇီဝမျိုးကွဲစုံလင်
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၄:၀၀ MRTV National News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
၂၀:၃၀ နိုင်ငံတကာသတင်း (LIVE)
၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊ အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့မယားလျှာနဲ့သွားဆိုပေမယ့်'
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ပြည်သူအားလုံးနှင့်သက်ဆိုင်သည့် အနာဂတ်ဒီမိုကရေစီ
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (အင်ဒိုနီးရှားနိုင်ငံ)
၁၁:၃၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၂၉)

### MRTV FARMERS

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၁၅ တောင်သူလယ်သမားဘဝဖွံ့ဖြိုးဖို့ တစ်နှစ်သုံးသီးစိုက်ကြစို့
၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
၀၇:၁၅ သုတပဒေသာစိုက်ပျိုးနည်းပညာ
၁၀:၀၀ Suzume(2022) (နိုင်ငံခြားဇာတ်လမ်း)
၂၂:၀၀ Growing 10,000 Pounds of Organic Tomatoes in a High Tunnel Greenhouse
၂၃:၃၀ Street Food in Cote d'vlovire Insane VERTICAL BBQ in Abidjian (West Africa)

### MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
၀၆:၄၅ Football Highlisht
၁၆:၃၀ MNL 2022 Match (Replay)
၁၈:၀၀ အားကစားသတင်း
၁၉:၃၅ Weekly Soccer Preview

MRTV Application
Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။
https://mrtv.gov.mm





မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅)ပေါ်တွင် ရထားလမ်းပျက်စီးဆုံးရှုံးမှုအခြေအနေ။

**❂ ကျောဖုံးမှ**

ထို့အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၁၁) အဆန်လူစီးရထားသည် ယနေ့ နံနက် ၉ နာရီ ၄၈ မိနစ်တွင် ညောင်လေးပင်ဘူတာ၌ ခေတ္တရပ်နားခဲ့ရပြီး အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသည်များအား သောက်ရေသန့်နှင့် နေ့လယ်စာ ဝေငှပေးခြင်းများကို မြန်မာ့မီးရထား ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့သည်။

မိုင်းပေါက်ကွဲမှုဖြစ်စဉ် ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်းများဆောင်ရွက်ခဲ့ပြီး မြန်မာ့မီးရထား ဝန်ထမ်းများက ရထားလမ်းအား သွားရောက်စစ်ဆေးရာတွင် တံတားအမှတ်(၁၄၅)ပေါ်ရှိ ရထားသံလမ်းနှစ်ချောင်းမှာ ပေ ၇၀ ခန့်စီ ပြတ်ထွက်ပျက်စီးခြင်း၊ ကွန်ကရစ်ဇလီဖားတုံး ၃၆ တုံးပျက်စီးခြင်း၊ တံတား ကွန်ကရစ်ကြမ်းခင်း၌ ငါးပေပတ်လည် အပေါက်ငါးပေါက်ဖြစ်ပေါ်ပျက်စီး ဆုံးရှုံးခဲ့ရပြီး လမ်းပိုင်းအား အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြုပြင်ခြင်းကို နံနက် ၁၁ နာရီမှ စတင်ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၃ နာရီ ၂၅ မိနစ်တွင် ပြီးစီးခဲ့သဖြင့် လမ်းပိုင်းအား မွန်းလွဲ ၃ နာရီခွဲတွင် ပြန်လည်ဖွင့်လှစ်ခဲ့ပြီး အမှတ်(၁၁) အဆန်ရထားသည် ညောင်လေးပင်ဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင် မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာခဲ့ပြီး အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် ညောင်လေးပင်ဘူတာ၌ ၅ နာရီ ၅ မိနစ်ခန့် လူစီးရထား ကြန့်ကြာခဲ့ရသည်။



မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား ရထားလမ်းပျက်စီးမှုအား ပြန်လည်ပြုပြင်နေစဉ်။

**ဆက်လက်ထွက်ခွာ**

ယမန်နေ့က အသီးသီးရပ်နားထားသော ကုန်ရထားများဖြစ်သည့် အမှတ်(၉၁၄) အစုန်ကုန်ရထားသည် ကညွတ်ကွင်းဘူတာမှ မွန်းလွဲ ၂ နာရီ ၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၉၂၄-A) အစုန်ကုန်ရထားသည် ဖြူးဘူတာမှ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်တွင်လည်းကောင်း၊ အမှတ် (၉၂၄-B) အစုန်ကုန်ရထားသည် ကျွဲပွဲဘူတာမှ ညနေ ၅ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ အမှတ်(၆၅၃) အဆန် ကျောက်ရထားသည် အုတ်တွင်းဘူတာမှ ည ၆ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ အမှတ် (၉၀၂)အစုန် ကုန်ရထားသည် သောင်းတိုင်ကုန်းဘူတာမှ ည ၆ နာရီ မိနစ် ၂၀ တွင် လည်းကောင်း ဆက်လက် ထွက်ခွာသွားခဲ့ကြသည်။



မိုင်းဖောက်ခွဲခံရမှုကြောင့် ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ပိန်းဇလုပ်နှင့် ကျောက်တံခါးဘူတာအကြား တံတားအမှတ်(၁၄၅) ကြမ်းခင်းပျက်စီးဆုံးရှုံးမှုအခြေအနေ။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်/မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၇ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရ အနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့ မြန်ဆန်စေရေးအတွက် ရထားလမ်း အခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင် ရထားစက်ခေါင်း၊ တွဲများနှင့် ခရီးသည်များ၊ ကုန်စည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ် ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှု မပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန် ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ် ကျူးလွန် နေကြသောကြောင့် အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း မြန်မာ့မီးရထားမှ သိရသည်။

**သတင်းစဉ်**

# စစ်တွေမြို့နှင့်ကျောက်ဖြူမြို့တို့သို့ လေယာဉ်ဖြင့် ပြန်လာသည့်ခရီးသည် ၆၀၀ နီးပါး ဖမ်းဆီးစစ်ဆေးခံနေရသည်ဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့မှ စစ်တွေမြို့နှင့် ကျောက်ဖြူမြို့တို့ကို လေယာဉ်ဖြင့်ပြန်လာသည့် ခရီးသည် ၆၀၀ နီးပါးကို ဖေဖော်ဝါရီ ၁၉ ရက်က အဆိုပါလေဆိပ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးစစ်ဆေးနေကြောင်း ပြည်သူများ ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အထင်အမြင်လွဲမှားစေမည့် သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာအချို့က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ရန်ကုန်မြို့မှ စစ်တွေနှင့် ကျောက်ဖြူမြို့ကို လေယာဉ်ဖြင့် ပြန်လာသည့် ခရီးသည်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးအရ ပုံမှန်စစ်ဆေးခြင်းများသာ ပြုလုပ်လျက်ရှိပြီး ဖမ်းဆီးခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက်မီဒီယာအချို့က ထင်ယောင်ထင်မှားဖြစ်စေရန် လုပ်ကြံရေးသားခြင်းဖြစ်ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ရခိုင်ပြည်နယ်အတွင်း အုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန်နှင့် တည်ငြိမ်အေးချမ်းမှုမရှိစေရန်အတွက် AA အကြမ်းဖက်သမားများက အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် ဒေသခံပြည်သူများ ကြောက်ရွံ့ထိတ်လန့်လျက်ရှိပြီး အဆိုပါ အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ထောက်ခံအားပေးခြင်း မရှိသည့်အတွက် ထိုသို့ သတင်းတု၊ သတင်းအမှားဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားလာစေရန် ဝါဒဖြန့်ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။




**သတင်းစဉ်**

**❐ ဘရန်းဖို့ဒ်မှ**

သွင်းဂိုးတစ်ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် လက်ရှိဘောလုံးရာသီမှာ ပရီမီယာလိဂ်သွင်းဂိုး ၁၇ ဂိုးအထိ ရှိလာပြီဖြစ်ပါတယ်။ အသက် ၂၃ နှစ်အရွယ်ရှိ နော်ဝေတိုက်စစ်မှူးဟာလန်းဟာ ယခုဘောလုံးရာသီမှာ သွင်းဂိုးစုစုပေါင်း ၂၂ ဂိုးအထိ ရှိလာခဲ့ပြီဖြစ်ပြီး ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတိုင်းကို ဂိုးသွင်းယူနိုင်ခဲ့တဲ့ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ ဘရန်းဖို့ဒ်အသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၅ ယှဉ်ပြိုင်ကစားပြီးချိန်တွင် ရမှတ် ၅၆ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

ဘရန်းဖို့ဒ်အသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၅ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရမှတ် ၂၅ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၁၄ နေရာမှာ ရပ်တည်နေတာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ကလေးမြို့ရှိ ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**မုံရွာ ဖေဖော်ဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၂၀ ရက် ညနေပိုင်းတွင် ကလေးခရိုင် ကလေးမြို့နယ် စုပေါင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသော ယာယီတိုက်ပွဲရှောင်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယာယီတိုက်ပွဲရှောင်ပြည်သူများ၏ စားဝတ်နေရေး၊ ပညာရေးနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များက ကျေးရွာ ၁၁ ရွာမှ ယာယီတိုက်ပွဲရှောင်ပြည်သူ ၅၂၉ ဦးအတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများအား ထောက်ပံ့ပေးအပ်ခဲ့ပြီး ယာယီတိုက်ပွဲရှောင်ပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**နှုတ်ဆက်အားပေး**

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခမ်းအနားသို့ တက်ရောက်လာသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**




# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လပတ်ပုံမှန်အစည်းအဝေး ကျင်းပ




**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ လပတ်ပုံမှန်အစည်းအဝေး (၁/၂၀၂၄) ကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီရုံး အစည်းအဝေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး) တက်ရောက်အမှာစကား ပြောကြားသည်။

ယနေ့အချိန်အခါသည် နိုင်ငံတော် တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးသည့် အချိန်အခါဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဒို့တာဝန် အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ထိန်းသိမ်းပြီး နိုင်ငံတော်တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူညီညွတ်စွာလက်တွဲဆောင်ရွက်နိုင်အောင် အခက်အခဲများကြားမှ အောင်မြင်အောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ယနေ့အများပြည်သူ စိတ်ဝင်စားနေသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍လည်း နိုင်ငံတော်အကြီးအကဲနှင့် အဆင့်ဆင့်သော တာဝန်ရှိသူများက ပြည်သူလူထုသိရှိ လိုက်နာနိုင်အောင် ရှင်းလင်းပြောကြားနေလျက်ရှိကြောင်း၊ သို့ရာတွင် မျိုးချစ်စိတ် နိုင်ငံချစ်စိတ်ကင်းမဲ့သော မီဒီယာအဖွဲ့အစည်းအချို့က သတင်းမှားမျိုးစုံဖြင့် လုပ်ကြံဖန်တီးထုတ်လွှင့်နေသောကြောင့် ပြည်သူအများ စိုးရိမ်စိတ်ဖြစ်ပေါ်နေမှုရှိနေပါကြောင်း၊ နိုင်ငံသားတိုင်းသည် မိမိတို့လိုက်နာဆောင်ရွက်ရမည့် တာဝန်ကို ဥပဒေနှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ သတင်းမီဒီယာ ကောင်စီအနေဖြင့်လည်း သတင်းမှားများကို သတင်းမှန်ဖြစ်အောင် ထိန်းကျောင်းဆောင်ရွက်ရန် တာဝန်ရှိပါကြောင်း၊ သတင်းမီဒီယာ ကောင်စီအနေဖြင့် သတင်းမီဒီယာဥပဒေကို လက်ကိုင်ထားပြီး နိုင်ငံတော်၏ အခြေအနေမှန် သတင်းဖော်ပြချက်များကို သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်သူများသိရှိအောင် စည်းရုံးဟောပြောခြင်း၊ သင်တန်းများဖွင့်ပြီး ကျင့်ဝတ်နှင့်အညီဆောင်ရွက်နိုင်သည့် သတင်းသမားများ ပေါ်ထွန်းရေးကို ဆောင်ရွက်နေပါကြောင်း၊ မိမိတို့ကောင်စီအနေဖြင့် အဖွဲ့စနစ်ဖြင့် ညီညွတ်စွာ ဆောင်ရွက်သင့်သည်များကို ကျန်သက်တမ်းကာလအတွင်း လုပ်ဆောင်နိုင်သမျှ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကောင်စီဝင်များက လိုအပ်သည်များကို အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာကဏ္ဍ စာရင်းအင်းအရည်အသွေး ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနက ကြီးမှူးကာ လယ်ယာကဏ္ဍစာရင်းအင်း ပြည့်ဝမှန်ကန်ရေးနှင့် လယ်ယာမြေဥပဒေအရ စာချုပ်စာတမ်းများ မှတ်ပုံတင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦး တက်ရောက်ပြီး အဖွင့်အမှာ စကားပြောကြားသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင်သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် မြေအသုံးချမှုဆိုင်ရာစာရင်းများ ကောက်ယူပြုစုရာတွင် လက်စွဲဥပဒေပြဋ္ဌာန်းချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များအပေါ် အခြေခံဆောင်ရွက်နိုင်ရန်နှင့် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များ တည်ဆဲဥပဒေအပါအဝင် ပြဋ္ဌာန်းချက်များနှင့်အညီ စာချုပ်စာတမ်းများ မှတ်ပုံတင်ပေးရာတွင် လိုက်နာရမည့်လုပ်ငန်းစဉ် လုပ်ထုံးလုပ်နည်းများကို ဖေဖော်ဝါရီ ၂၁ ရက်မှ ၂၃ ရက်အထိ ဆွေးနွေးသွားမည်ဖြစ်သည်။

ဆွေးနွေးပွဲသို့ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင် (စာရင်းအင်းဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း(ကြေးတိုင်စီမံကိန်းနှင့် သုတေသနဌာနခွဲ)၊ ညွှန်ကြားရေးမှူး ဦးသိန်းဦး (မြေယာစီမံခန့်ခွဲရေးဌာနခွဲ)နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့ရှိ အရာထမ်း၊ အမှုထမ်း ၁၅၃ ဦး တက်ရောက်ခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ အရာထမ်း၊ အမှုထမ်း ၆၄ ဦးတို့သည် Video Conference ဖြင့်တက်ရောက်ခဲ့ကြောင်းနှင့် ဆွေးနွေးပွဲကို တစ်နှစ်တစ်ကြိမ်ကျင်းပလျက်ရှိရာ ယခုကျင်းပခြင်းသည်(၆)ကြိမ်မြောက် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **အောင်မြင့်(ပြန်/ဆက်)**



# “ကျေးလက်ရနံ့” တေးဂီတဖျော်ဖြေပွဲ-ပွဲစဉ် (၂) မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

၂၀၂၄ ခုနှစ်မတ်လ ၂ ရက်နေ့တွင် ရောက်ရှိမည့် တောင်သူလယ်သမားနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့်“ကျေးလက်ရနံ့” တေးဂီတဖျော်ဖြေပွဲ-ပွဲစဉ် (၂)ကို ဖေဖော်ဝါရီ ၂၃ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ Friday Night Live Show အဖြစ် တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ နိုင်ငံကျော်တေးသံရှင်များ ဖြစ်ကြသည့် ကေတုဝင်းထွဋ်၊ သန်းထွန်းလေး၊ စိုးအောင် (ကောင်းကင်ပြာ)၊ သျှိုင်းထက်၊ နှင်းဝတ်ရည်၊ ရွှေဖြူ၊ အိအိလှိုင်၊ သုန်နန္ဒီ၊ မြင့်မိုရ်သွန်းခနှင့် မေထူးကျော် တို့က သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ယင်းအစီအစဉ်ကို ဖေဖော်ဝါရီ ၂၅ ရက် တနင်္ဂနွေ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အကြိမ်(၃၀)မြောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

(၇၉)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် အကြိမ်(၃၀)မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်း ပြိုင်ပွဲ(က)အဆင့်နှင့် (ခ)အဆင့်ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်း စစ်ရေးပြကွင်း၌ ဆက်လက်ကျင်းပသည်။

**ယှဉ်ပြိုင်**

ယနေ့နံနက်ပိုင်း ပွဲစဉ်အဖြစ် (ခ) အဆင့်ပြိုင်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်းအသင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း အသင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်း အသင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂)စစ်တီးဝိုင်း အသင်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁)စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

ထို့ပြင် ညနေပိုင်းတွင် (ခ)အဆင့်ပြိုင်ပွဲများ ဆက်လက်ကျင်းပရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်း၊ ကမ်းရိုးတန်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြု အမှတ်(၂) စစ်တီးဝိုင်းအသင်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု အမှတ်(၁) စစ်တီးဝိုင်းအသင်းတို့ ယှဉ်ပြိုင်ကြသည်။

အဆိုပါပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စောသန်းလှိုင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်မှူးချုပ်ထွန်းမြတ်ရွှေ၊ တပ်မတော်အရာရှိကြီးများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**သတင်းစဉ်**

# ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်ခဲ့သည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၁ ရက်အထိ အပန်းဖြေခရီး သွားရောက်ခဲ့သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ တပ်မတော်ဆေးရုံ၊ ဆေးခန်းများ၌ တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသော တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ယနေ့ ညနေပိုင်းတွင် မော်တော်ယာဉ်များဖြင့် ချောင်းသာကမ်းခြေမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။



အပန်းဖြေခရီး သွားရောက်ခဲ့ကြသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များသည် ချောင်းသာကမ်းခြေရှိ ချောင်းသာအပန်းဖြေ ဧည့်ရိပ်သာမှ ယနေ့နံနက်ပိုင်းတွင် ပြန်လည်ထွက်ခွာကြရာ အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက ရင်းရင်းနှီးနှီး နှုတ်ဆက်ပို့ဆောင်ကြပြီး ရန်ကုန်မြို့သို့ ရောက်ရှိချိန်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူတို့က နွေးထွေးစွာကြိုဆိုခဲ့ကြသည်။

အဆိုပါတပ်မတော်သား အရာရှိ၊ စစ်သည်များသည် အပန်းဖြေခရီးစဉ်ကာလအတွင်း ချောင်းသာကမ်းခြေ၌ လမ်းလျှောက်ခြင်း၊ ကိုယ်လက်ကျန်းမာရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ သဲသောင်ပြင်၌ ဘောလုံး၊ ဘော်လီဘောနှင့် ခြင်းလုံးအားကစားများ ဆောင်ရွက်ခြင်း၊ အနားယူအပန်းဖြေခြင်းများ ဆောင်ရွက်ကြသည်။

ထို့အတူ ပုသိမ်မြို့ရှိ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၊ လောကနန္ဒာစေတီတော်နှင့် နီးဗုဒ္ဓရုပ်ရှင်တော်မြတ်အား ဖူးမြော်၍ အလှူငွေများလှူဒါန်းခြင်း၊ ချောင်းသာမြို့ရှိ သဲဖြူကျွန်း ရေလယ်ဘုရား၊ ဆုတောင်းပြည့်ဇမ္ဗူပတိရုပ်ပွားတော်၊ ဒီပါအေးမြမဟာနဂါးရုံဘုရားနှင့် အနန္တဇိနလောကမာန်အောင်စေတီတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုခြင်း၊ ချောင်းသာမြို့ ဒေါနတောင်တောရကျောင်းတိုက်သို့ အလှူငွေများ လှူဒါန်းခြင်း၊ ချောင်းသာမြို့၏ ဒေသအစားအစာဖြစ်သည့် သရက်တော ထိုးမုန့်လုပ်ငန်းနှင့် ရွှေသာယာမြို့မဈေး၊ ကျောက်မောင်နှမကမ်းခြေ၊ ရွှေသောင်ယံမြို့ Sea & Lake ရှိ ကျောက်စိမ်းပြတိုက်၊ သစ်သားပန်းပုပြတိုက်၊ ဒီရေတောတံတား၊ ပုသိမ်မြို့ရှိ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းသမိုင်းပြခန်း၊ ရွှေမြင်းပျံပုသိမ်ဟာလဝါလုပ်ငန်းနှင့် မြတ်ကျောင်းတော်ပုသိမ်ထီးလုပ်ငန်းစသည့် အထင်ကရနေရာများသို့လည်း သွားရောက်လေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ဝါသနာရှင်အဆင့်နှင့် သက်ကြီးတန်းပြိုင်ပွဲ ကျင်းပ

**ရန်ကုန် ဖေဖော်ဝါရီ ၂၁**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော (President Cup) ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် ပြိုင်ပွဲ တတိယနေ့နှင့် သက်ကြီးတန်းပြိုင်ပွဲ ပထမနေ့ကို ယနေ့တွင်



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်ဂေါက်ကွင်း (တညင်းကုန်း) ၌ ကျင်းပသည်။

ဝါသနာရှင်အဆင့်ပြိုင်ပွဲ တတိယနေ့အပြီးတွင် ဇော်ဇော်ထွန်းက သုံးရက်ပေါင်းရိုက်ချက် ၂၂၂ ချက်ဖြင့် ပထမ၊ ဟိန်းနိုင်ဇင်က သုံးရက်ပေါင်းရိုက်ချက် ၂၂၅ ချက်ဖြင့် ဒုတိယနေရာတွင်လည်းကောင်း၊ ဝါသနာရှင်အဆင့် အမျိုးသမီးပြိုင်ပွဲ ပထမနေ့အပြီးတွင် ပြုံးပြုံးထွေးက နှစ်ရက်ပေါင်းရိုက်ချက် ၁၅၉ ချက်ဖြင့် ပထမ၊ ချိုသာအောင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၆၀ ဖြင့် ဒုတိယ၊ ခိုင်ဇင်အောင်က နှစ်ရက်ပေါင်းရိုက်ချက် ၁၆၆ ချက်ဖြင့် တတိယနေရာတို့တွင် လည်းကောင်း၊ သက်ကြီးတန်း ဝါသနာရှင်အဆင့် (အသက် ၅၅ နှစ်နှင့်အထက်) ပြိုင်ပွဲတွင် ဦးဝင်းမြင့်ချင်းက ၇၈ ချက်ဖြင့် ပထမ၊ ဦးကြီးမြင့်နှင့် ဦးကိုကိုအေးတို့က ၇၉ ချက်စီဖြင့် ဒုတိယနေရာတို့တွင် ရပ်တည်လျက်ရှိသည်။

ပြိုင်ပွဲနောက်ဆုံးနေ့နှင့် ဆုပေးပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**



ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်မင်းဝေနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်အတွင်းရှိ ပြည်သူများ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးနှင့် မီးဘေးလုံခြုံရေးအတွက် အသိပညာပေးနှိုးဆော်ခြင်းကို ဖေဖော်ဝါရီ ၂၀ ရက်က မြို့ပေါ်ရပ်ကွက်များအတွင်း လိုက်လံနှိုးဆော်ဆောင်ရွက်စဉ်။

ကျော်သူရ (ကော့မှူး)

# ပင်လုံမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်



**ပင်လုံ ဖေဖော်ဝါရီ ၂၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လုံမြို့၌ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကံစောလှိုင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး သင်တန်းကာလအတွင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဝေါဟာရများနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုစက်ဝန်း၊ ထိခိုက်ခံရလွယ်မှု၊ ထိတွေ့နိုင်ခြေနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေတို့၏ သက်ရောက်မှု၊ ပြည်သူ့ဆက်ဆံရေးဘာသာရပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၏ လုပ်ငန်းကြီးခုနစ်ရပ်အကြောင်း၊ ကြိုတင်ကာကွယ်ရေးနှင့် ဘေးလျော့ပါးရေး၊ ပြန်လည်ထူထောင်ရေးစသည့် သင်ခန်းစာအကြောင်းအရာများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ကြက်ခြေနီတို့မှ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောက်ဆည်ခရိုင်အတွင်း နနွင်းတက်များ စတင်တူးဖော်လျက်ရှိ



**မန္တလေး ဖေဖော်ဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် နနွင်းစိုက် ဧက ၁၉၁၄ ဧက စိုက်ပျိုးထားရှိပြီး မြစ်သားမြို့နယ်၌ ဇန်နဝါရီလကုန်ပိုင်းမှ စတင်၍ နနွင်းများ စတင်တူးဖော်လျက်ရှိကြောင်း သိရသည်။

